# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ နယုန်လပြည့်ကျော် (၅) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (26-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၅**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ →**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်

အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်

ဇွန် ၂၆ ရက်(ယနေ့)သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဇွန် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မူးယစ်ဆေးဝါးအုပ်စုတွင် ဆေးခြောက်၊ ဆေးရွက်ကြီး၊ အခြားဓာတုပစ္စည်းများနှင့်ဖော်စပ်ထားသောဆေးဝါးများပါဝင်ပေသည်။

လူသားတိုင်းကို လူညွန့်တုံးစေသော မူးယစ်ဆေးဝါးသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေသော အန္တရာယ်ဆိုးကြီးဖြစ်သည်။ အထူးသဖြင့် လူငယ်များကို မူးယစ်ဆေးဝါးသားကောင်အဖြစ် မူးယစ်ဆေးဝါးရောင်းချသူများက ပစ်မှတ်ထားကြသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း မူးယစ်ဆေးဝါးသုံးစွဲသူများတွင် လူငယ်အများစုပါဝင်နေသောကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရသည်။

လူငယ်များမူးယစ်ဆေးဝါးသုံးစွဲရခြင်း၏အကြောင်းရင်းများမှာ စူးစမ်းလိုခြင်း၊ စမ်းသပ်လိုခြင်း၊ အပေါင်းအသင်းဆွဲဆောင်မှုကောင်းခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများကိုမသိခြင်း စသည်တို့ကြောင့်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် မိမိအတွက်သာမက မိမိ မိသားစုဆွေမျိုးအသိုင်းအဝိုင်းကိုပါသိက္ခာကျအရှက်ရစေသည်။ ထို့ပြင် ရာဇဝတ်မှုကျူးလွန်ခြင်းများကိုပါပြုမိသည့်အတွက် နောက်ဆုံးတွင် ဥပဒေအရ အရေးယူခြင်းခံရတတ်ပေသည်။

မူးယစ်ဆေးဝါးသည် လူသားများ၏ ဆင်ခြင်တုံတရားများ၊ ကာယအား၊ ဉာဏအား၊ လူ့စွမ်းအားအရင်းအမြစ်အားလုံးကို အန္တရာယ်အပေးနိုင်ဆုံးပစ္စည်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးမသုံးစွဲကြရေး ဥပဒေအသီးသီးပြဋ္ဌာန်းပြီးအရေးယူလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က ဥပဒေသစ်ပြဋ္ဌာန်းပြီး စီမံချက်သုံးရပ်ချမှတ်ခဲ့သည်။ အဆိုပါစီမံချက်များမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုပပျောက်ရေးတို့ဖြစ်ပြီး ၎င်းစီမံချက်များနှင့်အညီ နိုင်ငံတော်က အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းကို တောင်ကြီးမြို့၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဘိန်း ၁၁၃၀ ဒသမ ၁၄၉ ကီလိုကျော်၊ ဘိန်းဖြူ ၁၂၆၅ ဒသမ ၇၇၇ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄ သန်းကျော်၊ အိုက်စ် ၂၁၀၆၉ ဒသမ ၃၆၇ ကီလိုကျော်၊ ဘိန်းစာမှုန့် ၇၂၈ ဒသမ ၈၃၈ ကီလိုကျော်၊ ဆေးခြောက် ၈၄၁ ဒသမ ၅၄၁ ကီလိုကျော်၊ ကက်တမင်း ၄၉၉၁ ဒသမ ၁၆၅ ကီလိုကျော်နှင့် ဘိန်းညိုမှုန့် ၃၀၇ ဒသမ ၃၁၅ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၁၀၈ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၉၃၆ ဒသမ ၇၂၃ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၀၅၈ သန်း) တို့ကို ဖျက်ဆီးခဲ့သည်။

သို့ဖြစ်ရာ အနာဂတ်လူသားအရင်းအမြစ်ဖြစ်သော ယနေ့လူငယ်များအတွက် ကြောက်စရာအကောင်းဆုံးရန်သူ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးကြစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ကာ မူးယစ်ဆေးဝါးအန္တရာယ်ဟူသမျှကို တားဆီးကာကွယ်တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယခုနှစ်ထွက်ရှိလာသည့် ရင်ကွဲသရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ရာတွင် အရောင်းအဝယ်ကောင်းနေ



**မန္တလေး ဇွန် ၂၅**

ယခုနှစ်ထွက်ရှိလာသည့် ရင်ကွဲသရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မြေပြန့်ပိုင်း၌ စိန်တလုံးနှင့် ရွှေဟင်္သာသရက်သီးများ ရာသီကုန်ချိန်ရောက်ရှိနေပြီဖြစ်၍ တရုတ်နိုင်ငံဈေးကွက်သို့ ရင်ကွဲသရက်သီးများကို တင်ပို့ရောင်းချနေခြင်းများ ရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချနေရာတွင် အရောင်းအဝယ်ကောင်းလျက်ရှိပြီး ဈေးနှုန်းများမှာ ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် အမျိုးအစားအလိုက် ယွမ် ၅၀၊ ၆၀ ဖြင့် ရောင်းချနေရကြောင်း သိရသည်။

"တရုတ်နိုင်ငံ ဈေးကွက်ကို ရင်ကွဲသရက်သီးတွေ တင်ပို့ရောင်းချနေကြပါတယ်။ ဈေးကောင်းရရှိနေပါတယ်။ ဒီလကစပြီး ရင်ကွဲသရက်သီးက ဈေးကွက်ထဲကို လှိုင်လှိုင်ဝင်ရောက်နေပါပြီ။ ကျန်တဲ့ သရက်သီးတွေက ပြတ်သလောက်ဖြစ်သွားပြီ။ ရင်ကွဲသီးပဲ ကျန်ပါတော့တယ်။ ဒီနှစ် သရက်သီးက အဝယ်သွက်ပါတယ်။ အရည်အသွေးကောင်းရင်တော့ ဈေးကောင်းရကြပါတယ်။ နောက်နှစ်တွေမှာ တောင်သူတွေ ကိုယ့်ပစ္စည်းကို အရည်အသွေးကောင်းအောင် ဂရုစိုက်ကြဖို့လိုပါတယ်။ ခူးဆွတ်တာကအစ ထုပ်ပိုးမှုစနစ် ကောင်းကောင်းထုပ်နိုင်ရင် ဈေးကောင်းရပါတယ်"ဟု အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

နှစ်စဉ် သရက်ရာသီချိန်ရောက်ပါက တရုတ်နိုင်ငံဈေးကွက်သို့ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်နှင့် မယ်သီ သရက်သီးတို့ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် သရက်ရာသီတွင် အသီးအထွက်နှုန်းနည်းသော်လည်း ဈေးကွက်သို့ ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ သိရသည်။

(၁၈၅)

# ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၂၅**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ထောပတ်ပဲကို ယခင်က အရောင်းအဝယ် အေးခဲ့ကြောင်း၊ ယခုလက်ရှိ ပြည်ပနိုင်ငံများက ပြန်လည်ဝယ်ယူမှုများပြားလာကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း ထောပတ်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ထောပတ်ပဲက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ တရုတ်နိုင်ငံဘက်ကလဲ ထောပတ်ပဲဝယ်ယူမှု ပြန်ပြီးများလာပါတယ်။ နောက်ပိုင်း ထောပတ်ပဲ အရောင်းအဝယ် ဒီထက်ပိုပြီး ကောင်းမွန်လာမဲ့ အနေအထားမှာရှိနေပြီး ပြည်ပနိုင်ငံကတွေကလဲ ဝယ်ယူမှုတွေ ပိုပြီး များလာနိုင်ပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့တွင် ထောပတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ထောပတ်ပဲကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၄)

# မန္တလေးမြို့ ကျုံးပတ်လည်တွင် ခွင့်ပြုချက်မရှိဘဲရောင်းချသည့် ဈေးသည်များကို စစ်ဆေးအရေးယူလျက်ရှိ

**မန္တလေး ဇွန် ၂၅**

မန္တလေးမြို့ ကျုံးပတ်လည်တွင် ခွင့်ပြုချက်မရှိဘဲ ရောင်းချသည့် ဈေးသည်များကို စစ်ဆေးအရေးယူလျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့၏ ပြယုဂ်တစ်ခုဖြစ်သည့် နန်းမြို့ရိုးနှင့် ကျုံးမှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် နေရာတစ်ခုဖြစ်ပြီး ကျုံးပတ်ပတ်လည်ဖြစ်သည့် ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းတစ်လျှောက်၊ မြောက်ဘက်ခြမ်း ၁၂ လမ်းတစ်လျှောက်၊ အနောက်ဘက်ခြမ်း လမ်း ၈၀ တစ်လျှောက်နှင့် အရှေ့ဘက်ခြမ်း ၆၆ လမ်းတစ်လျှောက်တွင် ခွင့်ပြုချက်မရှိဘဲ ရောင်းချသည့်ဈေးသည်များကို ဇွန်လတတိယပတ်မှစ၍ စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။

"ကျုံးဘေး ပတ်ပတ်လည်ကို ဈေးသည်တွေ ဈေးရောင်းချခွင့် မပေးထားပါဘူး။ အဓိကကတော့ ကျုံးပတ်ပတ်လည်မှာ အမှိုက်သရိုက်တွေနဲ့ ညစ်ညမ်းမှုမဖြစ်စေဖို့ စစ်ဆေးလို့တွေ့ရင် ဒဏ်ရိုက် အရေးယူသွားမှာပါ"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြသည်။

ကျုံးပတ်ပတ်လည်နှင့် နန်းမြို့ရိုးမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလာရောက်လည်ပတ်သည့် အဓိကနေရာတစ်ခုဖြစ်သောကြောင့် အမှိုက်သရိုက်များနှင့် ရှုပ်ထွေးမှုများ မရှိစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကျုံးပတ်လည်တွင် ဈေးရောင်းချပါက ဒဏ်ရိုက်အရေးယူလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကျုံးပတ်လည်တွင် မုန့်မျိုးစုံနှင့် အခြားစားသောက်ကုန်များ ရောင်းချသည့်ဈေးသည်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနနှင့်အခြားပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးလျက်ရှိကြောင်း၊ လက်ရှိထိ ခွင့်ပြုချက်မရှိဘဲ ရောင်းချသည့်ဈေးသည် ၂၀ ခန့်ကိုတွေ့ရှိပြီး ဒဏ်ကြေးငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀ ထိ ဒဏ်ရိုက် အရေးယူထားကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ် သပိတ်တန်းကျေးရွာတွင် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မန္တလေး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပိတ်တန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေ ပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သပိတ်တန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏နည်းပညာများပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သူသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ဒေးဝန်းရပ် အကွက်(၃၀၈)နေ ဦးသောင်းညွန့်-ဒေါ်ခင်သန်းမြင့်နှင့်မောင်နှမ တစ်စုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၄၃၆ ဧက စိုက်ပျိုးသွားမည်



**ပုသိမ် ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၄၃၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၄၃၆ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက အဆိုပါနွေစပါးများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်စေရန်၊ စပါးအထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရုကျရောက်မှုမရှိစေရန်အတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ မိုးစပါးလျာထား ၉၁၄၃၆ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ မိုးစပါးလျာထားချက်ပြည့်မီဖို့ နည်းပညာပိုင်းကို ပံ့ပိုးပေးမှာဖြစ်ပါတယ်။ တောင်သူတွေ ရွှေခရုနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့အတွက် အသိပညာပေးဆိုင်းဘုတ်တွေကို စိုက်ထူပေးနေပါတယ်။ ဒါ့ပြင် ကွင်းဆင်းသရုပ်ပြနှိမ်နင်းရေးလုပ်ငန်းတွေကိုလဲ လက်တွေ့လုပ်ပေးနေပါတယ်။ တောင်သူတွေ ဘက်ကလဲ စိုက်ပျိုးရေးနည်းပညာတွေကိုတောင်းခံတာရှိလို့ တောင်သူပညာပေး လုပ်ငန်းတွေကိုလဲ စဉ်ဆက်မပြတ် ပြုလုပ်ပေးနေပါတယ်။ ဒီလို ပြုလုပ်ပေးတာကြောင့် ရာနှုန်းပြည့် စိုက်ပျိုးနိုင်မှာပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပုသိမ်ပေါ်ဆန်းရင်၊ ကျားပျံ၊ ထိုင်းဘေးကျား၊ ဆင်းသုခ၊ မနောသုခ၊ နှစ်လခွဲ၊ ရက် ၉၀ စသည့် စပါးအမျိုးအစားကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# တောင်ကြီးမြို့နယ် ဖာမွန်း(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဇွန် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ဖာမွန်းကျေးရွာအုပ်စု ဖာမွန်း(တောင်)ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဖာမွန်း(တောင်)ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဖာမွန်း(တောင်)ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၃၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖာမွန်း(တောင်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်နိုင်**

# ဒီပဲယင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၃၃၆၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ရေဦး ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် နွေသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေနှမ်း ၃၃၆၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေနှမ်းစိုက်ခင်းများရိတ်သိမ်းမှုကို ယခုနှစ် မေလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၃၃၆၈ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၇ ဒသမ ၆၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်အတွင်း နွေသီးနှံ စိုက်ပျိုးရာသီက နွေနှမ်း ၈၆၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက်ရိတ်သိမ်းနေပါတယ်။ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်တယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်တဲ့ အနေအထားမှာရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက နွေနှမ်း ၅၆၃၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ကြရာ ၈၆၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် နွေနှမ်းစိုက်ပျိုးမှုတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။ (၂၀၆)



# အမည်သုံးမျိုးရှိခဲ့သည့် မိုးထိကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့ဗိသုကာလက်ရာ သစ်သားဘုန်းကြီးကျောင်းများအနက် မန္တလေးတောင်ခြေတွင် တစ်ချိန်က တည်ရှိခဲ့သည့် မိုးထိကျောင်းသည် အခြားကျောင်းတချို့ကဲ့သို့ စစ်ဘေးစစ်ဒဏ်ကြောင့်မဟုတ်ဘဲ သက်တမ်းရှည်ကြာမှုကြောင့် ပျက်စီးပျောက်ကွယ်သွားခဲ့သည်။ မိုးထိကျောင်းကို အင်းဝမှ အမရပူရသို့ ပထမအကြိမ်ပြောင်းရွှေ့ခဲ့ပြီး မင်းတုန်းမင်းလက်ထက်တွင် အမရပူရမှ မန္တလေးသို့ ဒုတိယအကြိမ်ပြောင်းရွှေ့ခဲ့သည်။

နှစ်ကာလ သက်တမ်းရှည်ကြာချိန်တွင် သဘာဝအလျောက်ယိုယွင်းပျက်စီးကာ ပျောက်ကွယ်သွားခဲ့သည့် အင်းဝခေတ်နှောင်းပိုင်းလက်ရာ မိုးထိကျောင်းကို ကုန်းဘောင်ဆက် စတုတ္ထမြောက်ဘုရင် စဥ့်ကူးမင်း (၁၇၇၆-၁၇၈၂) လက်ထက်တွင် အင်းဝမြို့၌ တည်ဆောက်ခဲ့သည်။ မိုးထိကျောင်း၏အမည်သည် အဘယာရာမတိုက်ဖြစ်သော်လည်း မိုးထိကျောင်းဟုသာ ထင်ရှားခဲ့သည်။

**ကုန်းဘောင်ဘုရင် စဥ့်ကူးမင်း(၁၇၇၆-၁၇၈၂)**

မြေဒူးမင်းသည် ကုန်းဘောင်မင်းဆက်ကိုထူထောင်ခဲ့သူ ခမည်းတော် အလောင်းမင်းတရား၏ဆန္ဒကို သွေဖည်ကာ ညီတော်အမြင့်မင်းကို နန်းမဆက်ခံစေဘဲ သားတော်ကို နန်းမွေခံစေခဲ့သည်။ ထို့ကြောင့် ၁၇၇၆ ခုနှစ် ဇွန် ၁၀ ရက်တွင် မြေဒူးမင်းနတ်ရွာစံခဲ့ပြီးနောက် သားတော် စဥ့်ကူးမင်းသားရဲမင်းလှသည် ကုန်းဘောင်ဆက်၏ စတုတ္ထမြောက်ဘုရင်ဖြစ်လာခဲ့သည်။ မြေဒူးမင်းနှင့် မိဖုရားခေါင်ကြီးတို့က ၁၇၅၆ ခုနှစ် မေ ၁၀ ရက်က ဖွားမြင်ခဲ့သည့် ရဲမင်းလှသည် ဘုရင်ဖြစ်ချိန်တွင် အသက် ၂၀ အရွယ်မျှသာရှိသေးသဖြင့် အမှားများစွာကိုပြုလုပ်မိခဲ့ကာ တိုတောင်းသောနန်းသက်အတွင်းတွင်ပင် ဗဒုံမင်း၏စီရင်ခြင်းကိုခံရကာ အသက်ဆုံးရှုံးခဲ့ရသည်။

စဥ့်ကူးမင်းသည် အဘိုးဖြစ်သူ အလောင်းမင်းတရားလက်ထက်မှစ၍ ခမည်းတော်ဖြစ်သူ မြေဒူးမင်းထိ ကျင့်သုံးခဲ့သည့် နိုင်ငံပိုင်နက်ကျယ်ပြန့်ရေးစစ်ဆင်မှုများသည် လူသားအရင်းအမြစ်များနှင့် သယံဇာတများ များစွာဆုံးရှုံးရသည်ဟုယူဆလျက် စစ်ပွဲကို နှစ်မြို့က်ခြင်းမရှိဘဲ စစ်ဆန့်ကျင်ရေးခံယူချက်ရှိသော ဘုရင်ဖြစ်ခဲ့သည်။

**စဥ့်ကူးမင်း၏ ဘာသာရေးဆောင်ရွက်ချက်များ**

အလောင်းမင်းတရားလက်ထက်တွင် ဗုဒ္ဓသာသနာတော်၌ ဒုကုဋ်တင်ဂိုဏ်းနှင့် သင်္ကန်းရုံဂိုဏ်းဟူ၍ သံဃာတော်များဂိုဏ်းမကွဲရန် ဒုကုဋ်တင်နွယ်တစ်ဂိုဏ်းတည်းကိုသာရှိစေခဲ့သော်လည်း စဥ့်ကူးမင်းသည် ၁၇၈၀ ပြည့်နှစ် ဖေဖော်ဝါရီ ၄ ရက်တွင် မန်လည်ဆရာတော် ဂုဏမုနိန္ဒာဓိပတိ ပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရုအား သာသနာပြုအပ်တော်မူ၍ ရဟန်းတော်များအားလုံးကို သင်္ကန်းရုံနွယ် တစ်ဂိုဏ်းတည်းသာဖြစ်စေခဲ့သည်။

စဥ့်ကူးမင်း၏လုပ်ဆောင်ချက်များအနက် ကြီးမားသောခေါင်းလောင်းတော်ကြီးတစ်လုံးကို သွန်းလုပ်၍ ရန်ကုန်မြို့ ရွှေတိဂုံစေတီတွင် ချိတ်ဆွဲနိုင်ခဲ့ခြင်းသည် အထင်ရှားဆုံးဖြစ်သည်။ စဥ့်ကူးမင်းသည် ခမည်းတော် ဆင်ဖြူရှင်မြေဒူးမင်း(၁၇၆၃-၁၇၇၆) လက်ထက်က လက်စမသတ်ခဲ့သည့် ခေါင်းလောင်းတော်ကို ပြီးစီးအောင်သွန်းလုပ်ပြီး ၁၇၇၉ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်(အနောက်မြောက်ထောင့်)၌ တင်လှူခဲ့သည်။ ဖခမည်းတော်လက်ထက်က မပြီးစီးခဲ့သောခေါင်းလောင်းကို သားဖြစ်သူ စဥ့်ကူးမင်းက ဆက်လက်သွန်းလုပ်လှူဒါန်းခဲ့သဖြင့် စဥ့်ကူးမင်းခေါင်းလောင်းတော်ဟု အမည်တွင်ခဲ့ပြီး စဥ့်ကူးခေါင်းလောင်းတော်ကို ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ယနေ့တိုင် မြင်တွေ့နိုင်ကြသည်။

နန်းတွင်းသားများက ဘုရင်အပေါ် မကျေနပ်မှုများများပြားနေချိန်တွင် စဥ့်ကူးမင်းသည် အညာသီဟတောသို့ ၁၇၈၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ဘုရားဖူးထွက်ခဲ့သည်။ နန်းတော်တွင် စဥ့်ကူးမင်းမရှိခိုက် ဖောင်းကားစားမောင်မောင်သည် ဖေဖော်ဝါရီ ၅ ရက်တွင် အင်းဝနန်းတော်ကိုစီးနင်းကာ နန်းတက်ခဲ့သည်။

ဗဒုံမင်းသားသည် ညီတော်၊ သားတော်၊ ရဲဘော်ကျွန်ရင်းတို့နှင့်ညှိနှိုင်းကာ ဖေဖော်ဝါရီ ၁၁ ရက်တွင် နန်းတော်ကို ဝင်ရောက်စီးနင်းပြီး ဖောင်းကားစားကို ထုံးစံအတိုင်းစီရင်ခဲ့သဖြင့် ဖောင်းကားစားမောင်မောင်သည် မြန်မာနိုင်ငံ၏ နန်းသက်အတိုဆုံးဘုရင်များအနက် တစ်ပါးဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ ပဒေသရာဇ်ခေတ်တွင် ထီးနန်းစံကာလ အတိုဆုံးမင်းသုံးပါးသည် မင်းရှင်စော တစ်ရက်၊ ဖောင်းကားစားမောင်မောင် ခုနစ်ရက်နှင့် မင်းရဲဒိဗ္ဗ ၄၇ ရက်တို့ဖြစ်ကြောင်း ဦးကုလားရာဇဝင်ချုပ်နောက်ဆက်တွဲတွင် ဖော်ပြထားသည်။

အညာသီဟတောတွင်ရောက်ရှိနေသည့် စဥ့်ကူးမင်းသည် ဖောင်းကားစားမောင်မောင် နန်းတော်ကို သိမ်းပိုက်ကြောင်းကြားသိလျှင် တပ်တော်များစေလွှတ်လုပ်ကြံစေခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် ဧရာဝတီမြစ်အတိုင်း အင်းဝသို့ စုန်ဆင်းလာခဲ့ရာ အင်းဝအရောက်တွင် ဗဒုံမင်း၏စီရင်မှုကြောင့် အသက် ၂၆ နှစ်အရွယ် ၁၇၈၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် မိဖုရားလေးဦးနှင့်အတူ ထုံးစံနှင့်အညီ စီရင်ခြင်းခံခဲ့ရကာ ကွယ်လွန်ခဲ့သည်။

**စဥ့်ကူးမင်းအလှူတော်ကျောင်းတိုက်များ**

စဥ့်ကူးမင်းသည် နန်းတက်ပြီး နှစ်နှစ်အကြာ သက္ကရာဇ် ၁၁၄၀ ပြည့်နှစ် ကဆုန်လ(၁၇၇၈ ခုနှစ် မေလ)တွင် အင်းဝတွင်နန်းစံနေခိုက် အင်းဝမြို့၌ ရှေးမိုးထိကျောင်းဟောင်းနေရာတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် ငါးထပ်ဇေတဝန်ကျောင်းကို ကိုယ်တော်တိုင်ရေစက်ချသွန်းလှူခဲ့သည်။ ငါးထပ်ဇေတဝန်ကျောင်းတွင် ကျောင်းရံ ၁၂ ကျောင်းနှင့် ပိဋကတ်တိုက်တို့ပါရှိခဲ့ကာ ကျောင်းကို မဟာမင်္ဂလာရွှေဘုံဟုအမည်ပေး၍ ထန်းတပင်ဆရာတော် တိပိဋကာလင်္ကာရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရုအား ကျောင်းအပ်တင်လှူခဲ့သည်။

ထို့နောက် မဟာမင်္ဂလာရွှေဘုံကျောင်း၏ မြောက်ဘက်တွင် မဟာဒါန်တိုက်ဝန်ဆောက်လုပ်သည့် လေးထပ်ဇေတဝန်ကျောင်းကို ဗိမာန်ရွှေဘုံကျောင်းဟု အမည်ပေးကာ တောင်ဘီလူးဆရာတော် ရှင်ပညာရာမကို တင်လှူခဲ့သည်။

ထို့အတူ စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရားတောင်ဘက်တွင် နှမတော် ကန္နီမြို့စားတည်ဆောက်သည့် လေးထပ်ဇေတဝန်ရွှေကျောင်းကို ရတနာရွှေဘုံဟု အမည်သမုတ်၍ မင်းရွာဆရာတော် ဇမ္ဗူဒီပသီရိအနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုကို တင်လှူခဲ့သည်။

စဥ့်ကူးမင်းသည် ကျောင်းဦးပြာသာဒ်နှစ်ဆောင်နှင့်တကွသော ဘုံကျော်ဝေယန် လေးထပ်ဇေတဝန်ကျောင်းကိုဆောက်လုပ်၍ ဆုံတားဆရာတော်အားလည်းကောင်း၊ ပင်းယ၌ ရွှေဘုံဗိမာန်သုံးထပ်ဇေတဝန်ရွှေကျောင်းကိုဆောက်လုပ်၍ ဘုံစံဆရာတော်အားလည်းကောင်း၊ အင်းဝမြို့အနောက်ဘက်၌ မင်္ဂလာဘုံကျော် သုံးထပ်ဇေတဝန်ရွှေကျောင်းကို တည်ဆောက်၍ စကုဆရာတော်အားလည်းကောင်း၊ အင်းဝ ဆင်တဲရွာ၌ ဘုံကျော်သာစံ လေးထပ်ဇေတဝန်ကျောင်းကို တည်ဆောက်၍ ကတိုးဆရာတော်အားလည်းကောင်း တင်လှူခဲ့သည်။

**အမရပူရမိုးထိကျောင်း**

အင်းဝမြို့တွင် စဥ့်ကူးမင်းတည်ဆောက်လှူဒါန်းခဲ့သည့် မဟာမင်္ဂလာရွှေဘုံသစ်သားဘုန်းကြီးကျောင်း၏ ကျောင်းဦးပြာသာဒ်သည် ဘုံအဆင့်ဆင့်ဖြင့် အလွန်မြင့်မားသဖြင့် မိုးထိကျောင်းဟု တင်စားခေါ်ကြရာမှ မိုးထိကျောင်းဟု အမည်တွင် ထင်ရှားခဲ့သည်။

စဥ့်ကူးမင်းကိုစီရင်ပြီး ကုန်းဘောင်ဘုရင်ဖြစ်လာသည့် ဗဒုံမင်း(၁၇၈၂-၁၈၁၉)သည် ထီးပေါင်းကားအရပ်၌ မြို့နန်းတည်ရန် ၁၇၈၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် အမိန့်ရှိခဲ့သည်။ ထိုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် အမရပူရမြို့တည် ခုနစ်ဌာနဖြစ်သည့် မြို့တော်၊ ကျုံးတော်၊ ရွှေနန်းတော်၊ ရွှေဂူတော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်နှင့် ကန်တော်တို့ကို တစ်ပြိုင်တည်း ရွှေပန္နက်၊ ငွေပန္နက် စိုက်မှတ်ခဲ့ပြီး ၁၇၈၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် အမရပူရကို တည်ခဲ့သည်။

အင်းဝသည် အထက်မြန်မာပြည်၏ အကောင်းဆုံးမင်းနေပြည်တော်နေရာဖြစ်ပြီး ဗဒုံမင်း၏ နေပြည်တော်ကို အင်းဝမှ အမရပူရသို့ပြောင်းရွှေ့ခြင်းသည် နိုင်ငံနှင့်ပြည်သူများကို အကျပ်အတည်းအခက်အခဲများဖြစ်စေကြောင်း သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့သည်။

ဗဒုံမင်းသည် ၁၇၈၃ ခုနှစ် မေ ၁၂ ရက်တွင် ဆရာတော်ကြီးလေးပါး ကြပ်မတ်လိုက်ပါလာသည့် ပိဋကတ်တင်ရွှေဖောင်ကို ရှေ့မှချီစေပြီး အင်းဝမှ အမရပူရသို့ချီ၍ အမရပူရမြို့အနောက်ဓာတ်နန်းတွင် စံမြန်းခဲ့သည်။ ဗဒုံမင်းသည် အမရပူရမြို့ကို တည်ပြီးနောက် အင်းဝမြို့ရှိ မဟာမင်္ဂလာရွှေဘုံကျောင်းကို အမရပူရသို့ပြောင်းရွှေ့၍ ဘုံသာဝေယန်ဟု အမည်သစ်ပေးခဲ့သည်။ သို့သော် မိုးထိကျောင်းဟုပင် ထင်ရှားခဲ့သည်။

အမရပူရ မိုးထိကျောင်းတိုက်ဝင်းသည် ၁၂ ဧကကျယ်ဝန်းလျက် အရံကျောင်း ၁၀ ကျောင်းကို တည်ဆောက်ခဲ့သည်။ ၁၇၉၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဘုံသာဝေယန်ကျောင်းကို မန်လည်ဆရာတော် ဂုဏမုနိန္ဒာဓိပတိ ပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရုအား ကိုယ်တော်တိုင် ရေစက်သွန်းချတင်လှူခဲ့သည်။



ဗြိတိသျှသံတမန် ဓာတ်ပုံဆရာရိုက်ကူးခဲ့သည့် အမရပူရမြို့မှ မိုးထိကျောင်းကို တွေ့ရစဉ်။

မန်လည်ဆရာတော်သည် ထိုကျောင်းမှာပင် သက်ဆုံးတိုင်သီတင်းသုံးခဲ့ကာ သက္ကရာဇ် ၁၁၆၉ ခုနှစ် သက်တော် ၉၃ နှစ်အရောက်၌ ပျံလွန်တော်မူခဲ့သည်။

အမရပူရမြို့ တံခွန်တိုင်တွင် ပြန်လည်တည်ဆောက်ခဲ့သည့် ဘုံသာဝေယန်(မိုးထိကျောင်း)၏ ကျောင်းဦးပြာသာဒ်သည် ဘုံခုနစ်ဆင့်မြင့်သဖြင့် အမရပူရနန်းတော်မှ လှမ်းမျှော်မြင်တွေ့ရသည်ဟုဆိုသည်။

မင်းတုန်းမင်းသည် ရတနာပုံမန္တလေးမြို့ကိုတည်ထောင်ပြီးနောက် အမရပူရမြို့မှ ဘုံသာဝေယန်ကျောင်းကို မန္တလေးတောင်ခြေသို့ ပြောင်းရွှေ့တည်ဆောက်ခဲ့ပြန်သည်။ ထိုကျောင်းကို အဘယာရာမတိုက်ဟု အမည်ပေးခဲ့သော်လည်း မိုးထိကျောင်းဟုပင် ထင်ရှားခဲ့သည်။ ဘုံသာဝေယန်မိုးထိကျောင်းကြီးကို မန္တလေးနန်းတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်မှ မြင်ရသည်ဟုဆိုသည်။ မန္တလေးတောင်ခြေတွင်ရှိခဲ့သည့် မိုးထိကျောင်းသည် သက်တမ်းရှည်ကြာလာချိန်၌ ပျက်စီးခဲ့သဖြင့် လက်ရှိအချိန်တွင် မမြင်တွေ့ရတော့ဘဲ ကျောင်းတိုက်နေရာတွင် မိုးထိအောင်စည်သာသနာ့ရိပ်သာကျောင်းတည်ရှိနေသည်။

**ဗြိတိသျှသံတမန်များမြင်တွေ့ခဲ့သည့် အမရပူရ မိုးထိကျောင်း**

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးဆုံးပြီး သုံးနှစ်အကြာ ၁၈၅၅ ခုနှစ်တွင် အောက်မြန်မာနိုင်ငံဘုရင်ခံ ဒါလ်ဟိုဇီက ဆာအာသာဖယ်ရာ ဦးဆောင်သည့် သံတမန်ရေးရာအဖွဲ့ကို မင်းတုန်းမင်းနန်းစိုက်နေသည့် အမရပူရသို့ စေလွှတ်ခဲ့သည်။ သံတမန်ရေးရာအဖွဲ့တွင် အထက်မြန်မာနိုင်ငံ၏ စစ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေ သတင်းအရပ်ရပ်ကို ထောက်လှမ်းမှတ်တမ်းတင်ရန် ဓာတ်ပုံဆရာတစ်ဦးနှင့် ပန်းချီဆရာတစ်ဦး ပါဝင်ခဲ့သည်။

သံတမန်ရေးရာအဖွဲ့သည် မြန်မာနိုင်ငံ၌ ၁၈၅၅ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလဆန်းထိ သုံးလစွန်းစွန်းနေထိုင်ခဲ့ကြသည်။ သံတမန်ရေးရာအဖွဲ့ဝင် ဓာတ်ပုံဆရာ Linnaeus Tripe သည် ခရီးစဉ်အတွင်းဓာတ်ပုံ ၂၀၀ ကျော်ရိုက်ကူးခဲ့ပြီး ပုံ ၁၂၀ ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဓာတ်ပုံမှတ်တမ်းတွင် အမရပူရ၌ရိုက်ခဲ့သည့် ဓာတ်ပုံ ၅၈ ပုံ ပါဝင်ခဲ့သည်။ အဆိုပါဓာတ်ပုံများတွင် ပြာသာဒ်ခုနစ်ဆင့်ဖြင့် ခမ်းနားထည်ဝါစွာတည်ရှိနေသည့် မိုးထိကျောင်းကိုရိုက်ကူးထားသည့် ဓာတ်ပုံနှစ်ပုံပါဝင်ခဲ့ရာ မိုးထိကျောင်း၏ ခိုင်မာသောမှတ်တမ်းအထောက်အထားတစ်ရပ်ဖြစ်ခဲ့ပေသည်။

ဓာတ်ပုံဆရာသည် မိုးထိကျောင်းကို ကျောင်းဝင်းဝင်ပေါက် အရှေ့တောင်ထောင့်နေရာမှ ရိုက်ကူးခဲ့ရာ ဘုံခုနစ်ဆင့် ကျောင်းဦးပြာသာဒ်ဆောင်နှင့် ဘုံသုံးဆင့်ဆောင်မကြီးတို့ကို လှပစွာမြင်တွေ့ရပြီး Amerapoora Mohdee Kyoung ဟု ဖော်ပြခဲ့သည်။

ထိုကျောင်းကြီးကို အမရပူရမှ မန္တလေးမြို့သို့ ပြောင်းရွှေ့တည်ဆောက်ခဲ့ချိန်၌ ကျောင်း၏သက်တမ်းသည် နှစ် ၈၀ ခန့်ရှိနေပြီဖြစ်သည်။ မိုးထိကျောင်းသည် မည်သည့်ခုနှစ်တွင် ပျက်စီးပျောက်ကွယ်ခဲ့ကြောင်းမသိရှိခဲ့ရသော်လည်း ယခုအချိန်ထိသာ ရှိဦးမည်ဆိုလျှင် သက်တမ်း ၂၄၆ နှစ်ရှိမည်ဖြစ်သည်။ အဘယာရာမ၊ မဟာမင်္ဂလာရွှေဘုံနှင့် ဘုံသာဝေယန်ဟု အမည်သုံးမျိုးရှိခဲ့သော်လည်း မိုးထိကျောင်းဟုထင်ရှားခဲ့သည့် ၎င်းသစ်သားကျောင်းအဆောက်အအုံသည် သမိုင်းဝင်မြန်မာ့လက်ရာ ဘုန်းကြီးကျောင်းတစ်ကျောင်းအဖြစ် မှတ်တမ်းတင်ဓာတ်ပုံသာ ကျန်ရှိခဲ့ပေသည်။

**ကိုးကား**


- **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)**
- **ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ် နိုင်ငံရေးပုံရိပ်များ**
- **The Journey to Amerapoora in 1855 (British Library)**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ပေါ်ဆန်းစပါး တင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ပေါ်ဆန်းစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်းက ပေါ်ဆန်းစပါး တင်းရေ ၅၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လတာကာလအတွင်း ပေါ်ဆန်းစပါး တင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်းက ပေါ်ဆန်းစပါး တင်းရေ ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလဲကောင်းနေပါတယ်။ ပေါ်ဆန်းစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ ရေလမ်းကနေ အဆင်ပြေသလိုတင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၀ ထိ ဈေးရရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် ရွှေမိုးမြေကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**တံတားဦး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေမိုးမြေကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) သည် ကျေးရွာလိုအပ်ချက်များကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်ဖြင့် ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်းနှင့် စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ရွှေမိုးမြေကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုထံမှ သိရသည်။

**အောင်ရဲကျော်**

## ရှောင်လေဝေးဝေး မူးယစ်ဆေး

- ငယ်စဉ်ကာလ သင်ခဲ့ရသည်
မှတ်ကြွခပင်း ဘိန်းဘင်းကစော်
လျှော်စာသောက်စား ပြုသူများ
စီးပွားပျက်လိမ့်မည်။

- မှတ်ခဲ့အသည်း အစဉ်စွဲ၍
မလွဲမသွေ ကြီးပြင်းလေလည်း
ရှောင်လေဝေးဝေး မူးယစ်ဆေးကို
သေဆေးအမှန် ရှောင်ခဲ့ပြန်၍
ကေန်ကျန်းမာ ရှိခဲ့ပါ၏
ယခုအခါ ရှစ်ဆယ်ကျော်ခဲ့ပြီ။

- ဘိန်းဖြူဘိန်းမည်း တစ်နည်းဆေးခြောက်
စိတ်ဖောက်စိတ်ကြွ ထိန်းမရ၍
ဘဝတစ်လျှောက် မှောက်မှောက်မှားမှား
ဖောက်ပြားအကျင့် မချင့်မချိန်
နှလုံးအိမ်ဝယ် ငြိတွယ်စွဲလမ်း
ငရဲပန်းကို နတ်ပန်းထင်လျက်
ဆွဲငင်ယူသုံး ဘဝဆုံးထိ
မြင်သိခဲ့ရသာဧက။

- ယနေ့လူငယ် မှတ်သားဖွယ်စုံ
ဖွင့်ဟကုန်အံ့ လုံးစုံနည်းလမ်း
အလှမ်းဝေးဝေး မူးယစ်ဆေးကို
ရှောင်ပြေးစေငြား သင်လူပ်ရှားလော့
အားကစားမြှင့်တင် စိတ်လန်းရွှင်ပြီး
ဆန့်ကျင်ဆေးဝါး သတိထားလော့။

- သြော်
မူးယစ်ဆေးဝါး သုံးသူများနှင့်
တရားမဝင် ရောင်းဝယ်ချင်ကြ
လူ့အန္တကို မုချဆက်ဆက်
တိုက်ဖျက်ရမည် မှန်းရွယ်ရည်၍
တူညီစိတ်ဝမ်း မှုတော်ထမ်းလို့
ငါတို့အစဉ် သတိယှဉ်လော့။

**ဘိုမျိုး(ရွှေဘို)**

(ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလျက်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားရေတပ်ပရီးဂိတ်စစ်သင်္ဘော အတ္တလန္တိတ်သမုဒ္ဒရာ၌ စစ်ရေးလေ့ကျင့်

**မော်စကို ဇွန် ၂၅**

ရုရှားရေတပ်မှ အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် ဖရီးဂိတ်စစ်သင်္ဘောသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ရေငုပ်သင်္ဘောချေမှုန်းရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအတွင်း အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် စစ်သင်္ဘောသည် ရဟတ်ယာဉ်တစ်စင်းအသုံးပြု၍ ရေငုပ်သင်္ဘောရှာဖွေထောက်လှမ်းရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် စစ်သင်္ဘောသည် ယခုလအစောပိုင်းတွင် ကျူးဘားနိုင်ငံသို့သွားရောက်ခဲ့သော ရုရှားရေတပ်အုပ်စု၌ ပါဝင်ခဲ့သည့် စစ်သင်္ဘောဖြစ်ကြောင်း သိရသည်။

ရေငုပ်သင်္ဘော ရှာဖွေရေးလေ့ကျင့်မှု လုပ်ငန်းစဉ်အတွင်း ရဟတ်ယာဉ်သည် အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်နှင့် ရေမိုင် ၃၁ မိုင်အကွာအထိပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်နှင့် နျူကလီးယားစွမ်းအင်သုံး ကာဇန် ရေငုပ်သင်္ဘောတို့သည် ဇွန် ၁၂ ရက်တွင် ကျူးဘားနိုင်ငံ ဟာဗားနားဆိပ်ကမ်းသို့ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရုရှားရေတပ်သင်္ဘောနှစ်စီးသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဒုံးကျည်ပစ်ခတ်လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီးနောက် ကျူးဘားနိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ကင်ညာရဲတပ်ဖွဲ့ဝင်များ ဟေတီနိုင်ငံသို့ စတင်ထွက်ခွာမည်

**နိုင်ရိုဘီ ဇွန် ၂၅**

ဟေတီနိုင်ငံ၌ ဂိုဏ်းဖွဲ့အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် တာဝန်ယူရမည့် ကင်ညာရဲတပ်ဖွဲ့ဝင် ပထမအသုတ်သည် ယနေ့တွင် ကင်ညာနိုင်ငံမှ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကင်ညာရဲတပ်ဖွဲ့ဝင်များပထမအသုတ်သည် ယခုရက်သတ္တပတ်အတွင်းမှာပင် ဟေတီနိုင်ငံ ပေါ့တိုပရင့်စ်မြို့သို့ရောက်ရှိနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဟေတီနိုင်ငံ၌ ပေါ်ပေါက်နေသော ဂိုဏ်းဖွဲ့အကြမ်းဖက်မှုများကိုကိုင်တွယ်ဖြေရှင်းမည့်နိုင်ငံတကာတပ်ဖွဲ့တစ်ဖွဲ့ကို ကင်ညာနိုင်ငံက ဦးဆောင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့နေရာအများစုကို လက်နက်ကိုင်ဂိုဏ်းများက စိုးမိုးထားပြီး အကြမ်းဖက်မှုအမျိုးမျိုး ကျူးလွန်လျက်ရှိသည်။

ဟေတီသို့ သွားရောက်မည့် ပထမအသုတ် ရဲတပ်ဖွဲ့ဝင်များမှာ အင်အား ၄၀၀ထိရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကင်ညာရဲတပ်ဖွဲ့ဝင်များ ဟေတီသို့ ထွက်ခွာခြင်းအခမ်းအနားကို ကင်ညာသမ္မတ ဝီလျံရူတိုက ဇွန် ၂၄ ရက်တွင် ကျင်းပပေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ ရုရှားနိုင်ငံခရီးစဉ်အတွက် နှစ်နိုင်ငံတာဝန်ရှိသူများ ပြင်ဆင်နေ



**မော်စကို ဇွန် ၂၅**

ရုရှားနှင့် အိန္ဒိယ နှစ်နိုင်ငံတာဝန်ရှိသူများသည် အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ ရုရှားနိုင်ငံခရီးစဉ်အတွက် ပြင်ဆင်နေကြပြီဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက ဇွန် ၂၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားမီဒီယာများ၏အဆိုအရ အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် လာမည့်ဇူလိုင်လအတွင်း ရုရှားနိုင်ငံသို့ လာရောက်နိုင်ကြောင်း သိရသည်။

ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် လာရောက်ရေးအတွက် အိန္ဒိယဝန်ကြီးချုပ်မိုဒီကို ဖိတ်ကြားထားကြောင်း ရုရှားအစိုးရက ယခုနှစ်မတ်လကပင် ကြေညာထားပြီးဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်၏ အဆိုပါခရီးစဉ်သည် ယူကရိန်းစစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပထမဆုံး ရုရှားနိုင်ငံခရီးစဉ်လည်းဖြစ်ကြောင်း သိရသည်။

ထို့နည်းတူ ၎င်းခရီးစဉ်သည် အိန္ဒိယဝန်ကြီးချုပ် မိုဒီအတွက် ဝန်ကြီးချုပ်ရာထူးတတိယသက်တမ်းရယူပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ်လည်းဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ရုရှားနိုင်ငံသို့ ၂၀၁၉ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် သွားရောက်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## တောင်တရုတ်ပင်လယ်ပြဿနာအတွက် တရုတ်နှင့်ယုံကြည်မှုတည်ဆောက်ရန် ဖိလစ်ပိုင်ကြိုးပမ်း

**မနီလာ ဇွန် ၂၅**



တောင်တရုတ် ပင်လယ်ဒေသတင်းမာမှုများကို ထိန်းချုပ်နိုင်ရန် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းအစီအမံများ အကောင်အထည်ဖော်ရေးအတွက် မိမိတို့ကြိုးပမ်းနေကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအင်ရီကေးမာနာလိုက ယနေ့တွင် ပြောကြားခဲ့သည်။

တောင်တရုတ်ပင်လယ်ပိုင်ဆိုင်ခွင့်အငြင်းပွားမှု ပြဿနာများကို ဖြေရှင်းရာတွင် ဆွေးနွေးညှိနှိုင်းမှုလမ်းစဉ်မှာ အဓိကကျပြီး သံတမန်ရေးအရ ဖြေရှင်းမှုများကို ကျင့်သုံးသင့်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဇွန် ၁၇ရက်တွင် တောင်တရုတ်ပင်လယ် ပိုင်ဆိုင်ခွင့်အငြင်းပွားရေပြင်ဒေသတစ်ခု၌ တရုတ်နှင့် ဖိလစ်ပိုင်သင်္ဘောများကြားထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ပွားခဲ့ပြီးနောက် ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဇွန် ၁၇ ရက် ထိပ်တိုက်ရင်ဆိုင်မှုတွင် တရုတ်ကမ်းခြေစောင့်သင်္ဘောများကြောင့် ဖိလစ်ပိုင်ရေယာဉ်များပျက်စီးခဲ့ပြီး ရေတပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

သို့သော် ဖိလစ်ပိုင်၏ အဆိုပါ ကြေညာချက်ကို တရုတ်နိုင်ငံက ငြင်းပယ်ခဲ့ပြီး တရုတ်ကမ်းခြေစောင့်တပ်အနေဖြင့် တရားဥပဒေနည်းလမ်းတကျတုံ့ပြန်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြားထားသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ဒေသ တစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားချိန်တွင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်(တိုင်ပေ)နှင့် ဘရူနိုင်းနိုင်ငံတို့ကလည်း တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ခွင့်များ အပြိုင်တောင်းဆိုထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ကြွေးမြီပေးဆပ်မှုဆိုင်ရာသဘောတူညီချက် သီရိလင်္ကာနိုင်ငံနှင့် မြီရှင်နိုင်ငံများလက်မှတ်ရေးထိုးမည်

**ကိုလံဘို ဇွန် ၂၅**

ကြွေးမြီပြန်လည်ပေးဆပ်မှုပုံစံပြန်လည်ပြင်ဆင်သတ်မှတ်မှုသဘောတူညီချက်တစ်ရပ်ကို သီရိလင်္ကာနိုင်ငံနှင့် နိုင်ငံတကာမြီရှင်များက ဇွန် ၂၆ ရက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ယင်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်မှုသည် ဘဏ္ဍာရေးအကျပ်အတည်း ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း နိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍတည်ငြိမ်ရေးအတွက် အဓိကခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး အလီဆာဘရီက ထုတ်ဖော်ပြောကြားထားသည်။

ကြွေးမြီပြန်လည်ပေးဆပ်မှုပုံစံပြင်ဆင်သတ်မှတ်ရေးသဘောတူညီချက်နှင့်ပတ်သက်၍ သီရိလင်္ကာသမ္မတ ရာနီးလ်ဝစ်ခ်ျမီဆင်းက ဇွန် ၂၄ ရက်တွင် အစိုးရအဖွဲ့ကို တင်ပြထားပြီး အစိုးရအဖွဲ့ကလည်း အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

ထို့နည်းတူ ပွင့်လင်းမြင်သာမှုရှိရေးအတွက် အဆိုပါစာချုပ်ပါ အသေးစိတ်အချက်အလက်များကို နောက်ပိုင်းတွင် လွှတ်တော်သို့ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

၎င်းသဘောတူညီချက်ကြောင့် မြီရှင်နိုင်ငံများအနေဖြင့်သီရိလင်္ကာနိုင်ငံအတွက် ချေးငွေများပြန်လည်ထုတ်ပေးနိုင်မည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ အနေဖြင့် လက်ရှိတွင် ပြည်ပကြွေးမြီပမာဏ အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံထိတင်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မည့် ဒုံးပျံသစ်တစ်မျိုးကို ပျံသန်းရေးစနစ်စမ်းသပ်မှုများ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့



**ပေကျင်း ဇွန် ၂၅**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အကြိမ်ကြိမ်ပြန်လည် အသုံးပြုနိုင်မည့် ဒုံးပျံသစ်တစ်မျိုးကို ပျံသန်းရေးစနစ်စမ်းသပ်မှုများ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါဒုံးပျံယာဉ်သစ် စမ်းသပ်မှုကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုလုပ်ငန်းစဉ်အတွင်း အဆိုပါဒုံးပျံသည် အမြင့် ၁၀ ကီလိုမီတာထိ တက်ရောက်ခဲ့ပြီး သတ်မှတ်နေရာသို့ ဒေါင်လိုက်အနေအထားအတိုင်း အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းဒုံးပျံယာဉ်သစ်သည် အရွယ်အစားအားဖြင့် ကိုယ်ထည်အချင်း ၃ ဒသမ ၈ မီတာရှိပြီး တန် ၇၀ မီသိန်းဓာတ်ငွေ့ရည်သုံး ဒုံးအင်ဂျင်သုံးလုံး တပ်ဆင်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အရွယ်အစား ကိုယ်ထည်အချင်းလေးမီတာရှိသည့် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သည့် ဒုံးပျံယာဉ်သစ်ကို ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးအကြိမ်လွှတ်တင်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အထက်ပါမစ်ရှင်အတွက် နည်းပညာ စမ်းသပ်သည့်အနေဖြင့် တရုတ်အမျိုးသားအာကာသ အေဂျင်စီက ဇွန် ၂၃ ရက်တွင် စမ်းသပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**Ref : Xinhua News**

**Trs : KKO**

## အလွန်ကြီးမားသည့် ကျောက်သားဂြိုဟ်ကြီးသုံးစင်းအဖြစ်ယူဆရသော အာကာသဒြပ်ထည်သုံးခုကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား


**လန်ဒန် ဇွန် ၂၅**

အလွန်ကြီးမားသည့် ကျောက်သားဂြိုဟ်ကြီးသုံးစင်းအဖြစ် ယူဆရသော အာကာသဒြပ်ထည်သုံးခုကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

ကျောက်သားဂြိုဟ်များအဖြစ် ယူဆရသည့် ၎င်းအာကာသဒြပ်ထည်များကို HD 4849S အမည်ရှိ အနီရောင်ကြယ်သိမ်တစ်စင်း၏ ဝန်းကျင်တွင် ဗြိတိန်နိုင်ငံ အက်ဆီတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

HD 4849S ကြယ်သိမ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၅၅ နှစ်အကွာတွင် တည်ရှိသည်။

မိမိတို့၏ တွေ့ရှိချက်အရ ကျောက်သားဂြိုဟ်အဖြစ် ယူဆရသည့် အရာဝတ္ထုသုံးခုသည် HD 4849S ကြယ်သိမ်ကို ကမ္ဘာမြေရက်အားဖြင့် ခုနစ်ရက်လျှင် တစ်ပတ်နှုန်း၊ ၃၈ ရက်လျှင် တစ်ပတ်နှုန်း၊ ၁၅၁ ရက်လျှင် တစ်ပတ်နှုန်းဖြင့် အသီးသီး လှည့်ပတ်နေသည်ကို



တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါ အာကာသဒြပ်ထည်သုံးခုအနက် အပြင်ဘက်အကျဆုံး အာကာသဒြပ်ထည်မှာ HD 4849S ကြယ်ကို မနီးလွန်း၊ မဝေးလွန်းသည့်နေရာမှတစ်ဆင့် လှည့်ပတ်နေသည်ဖြစ်ရာ ရေဓာတ်တည်ရှိနေနိုင်ကြောင်း သိရသည်။

HD 4849S ကြယ်ကိုဗဟိုပြုလှည့်ပတ်နေသော အာကာသဒြပ်ထည်များသည် အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်ထက် ငါးဆမှ ၁၁ ဆထိ ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## နိုအာ၏ GOES-U ဂြိုဟ်တုကို လွှတ်တင်ရေးအတွက် Space-X အာကာသနည်းပညာကုမ္ပဏီက ပြင်ဆင်နေ

**ဝါရှင်တန် ဇွန် ၂၅**

အမေရိကန် အမျိုးသားလေထုလွှာနှင့် သမုဒ္ဒရာအေဂျင်စီ(နိုအာ)၏ GOES-U အမည်ရှိ ဂြိုဟ်တုကို လွှတ်တင်ရေးအတွက် Space-X အာကာသနည်းပညာကုမ္ပဏီက ပြင်ဆင်နေကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် GOES-U ဂြိုဟ်တုကို ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ဇွန် ၂၆ ရက်တွင် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

GOES-U ဂြိုဟ်တုမစ်ရှင်သည် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံများ၏ ၁၀ ကြိမ်မြောက် မစ်ရှင်ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လွှတ်တင်ရေးအစီအစဉ်အတွက် GOES-U ဂြိုဟ်တုနှင့် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံတို့မှာ ပစ်စင်အမှတ် (၃၉ အေ) တွင် အသင့်အနေအထားရှိနေပြီဖြစ်ကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

လွှတ်တင်ပြီးချိန်တွင် GOES-U ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော် အကွာတွင်ရှိသည့် ပတ်လမ်းပေါ်တွင် နေရာယူ၍ အာကာသရာသီဥတု အခြေအနေများကို စောင့်ကြည့် လေ့လာမည်ဖြစ်ကြောင်း သိရသည်။

ဇွန် ၂၆ ရက် GOES-U ဂြိုဟ်တုမစ်ရှင်သည် Space-X အာကာသ နည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ ၆၅ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ကိုယ်အလေးချိန်ပုံမှန်ထက်မြင့်တင်ပေးနိုင်သော မျိုးဗီဇဖောက်ပြန်မှုပုံစံတစ်မျိုးတွေ့ရှိထား

**လန်ဒန် ဇွန် ၂၅**

ကိုယ်အလေးချိန် ပုံမှန်ထက်မြင့်တင်ပေးနိုင်သော မျိုးဗီဇဖောက်ပြန်မှုပုံစံတစ်မျိုးကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ ထားကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

SMIM-1 အမည်ရှိ ဖောက်ပြန်နေသည့် မျိုးဗီဇတစ်မျိုးရှိနေသူများသည် အနားယူနေချိန်တွင် အဆီဓာတ်ခြေဖျက်နိုင်စွမ်း ပုံမှန်ထက် နည်းပါးနေတတ်ကြောင်း ဗြိတိန်နိုင်ငံ အက်ဆီတာတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ SMIM-1 မျိုးဗီဇရှိနေသူများအနေဖြင့် ကျန်းမာရေးနှင့်ကိုက်ညီသော ကိုယ်အလေးချိန်ကိုထိန်းထားနိုင်ရန် ရုန်းကန်နေရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ SMIM-1 မျိုးဗီဇ ရှိနေသူများသည် အမျိုးသမီးများဖြစ်လျှင် ကိုယ်အလေးချိန် ပုံမှန်ထက် ၄ ဒသမ ၆ ကီလိုဂရမ်ပိုများနေတတ်ပြီး အမျိုးသားများဖြစ်လျှင် ၂ ဒသမ ၄ ကီလိုဂရမ်ထိ ပိုများနေတတ်ကြောင်း သိရသည်။

SMIM-1 မျိုးဗီဇကို Vel-negative ခေါ် ရှားပါးသည့် သွေးအမျိုးအစားရှိသူများတွင် တွေ့ရတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ Vel-negative သွေးအမျိုးအစားမှာ လူဦးရေ ၅၀၀၀ လျှင် တစ်ဦးတွင်ရှိနေတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## သစ်ပင်ပန်းမန်စိုက်ပျိုးမှုက သက်ကြီးပိုင်းများ၏ ဦးနှောက်ကျန်းမာရေးကို ထိန်းထားနိုင်

**အီဒင်ဘာ့ဂ် ဇွန် ၂၅**

သစ်ပင်ပန်းမန်စိုက်ပျိုးမှုသည် သက်ကြီးပိုင်းများ၏ ဦးနှောက်ကျန်းမာရေးကို ထိန်းထားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

စကော့တလန်နိုင်ငံ အီဒင်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် စကော့တလန်လူမျိုး ရာပေါင်းများစွာတို့၏ ဘဝနေထိုင်မှုပုံစံများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ သစ်ပင်ပန်းမန်စိုက်ပျိုးမှုသည် အသက် ၈၀ အရွယ်သက်ကြီးများ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှု (Dementia) ပြဿနာကို တားဆီးပေးနိုင်ဖွယ်ရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

စကော့တလန် သုတေသနပညာရှင်များ၏အဆိုအရ သစ်ပင်ပန်းမန်များစိုက်ပျိုးမှု ဝါသနာရှိသည့် သက်ကြီးပိုင်းများသည် ၎င်းဝါသနာမရှိသူ သက်တူရွယ်တူများနှင့်နှိုင်းယှဉ်ပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ပို၍ထက်မြက်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Dementia ရောဂါသည် ဦးနှောက်အတွင်း ဘီတာအမိလွိုက်ခေါ် ပရိုတင်းတစ်မျိုး ဦးနှောက်အတွင်းစုစည်းမိချိန်တွင် ဖြစ်ပွားတတ်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

Dementia ရောဂါသည် စကော့တလန်နိုင်ငံသား ဦးရေ ၁၀၀၀၀၀ ခန့် နှစ်စဉ်ခံစားနေရသည့် ကျန်းမာရေးပြဿနာဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ
## အားကစားသတင်းများ

# မာဆေးတိုက်စစ်မှူး အန်ဒီယာရီကို ငါးနှစ်စာချုပ်ဖြင့် အဲဗာတန်အသင်းခေါ်ယူ

**လန်ဒန် ဇွန် ၂၅**

အဲဗာတန် အသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် မာဆေးအသင်း တိုက်စစ်မှူး အန်ဒီယာရီကို ပြောင်းရွှေ့ကြေး ယူရို ၁၈ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ငါးနှစ်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အဲဗာတန် အသင်းက တိုက်စစ်မှူး အန်ဒီယာရီကို ခေါ်ယူရန် မာဆေးအသင်းအား ကနဦးပြောင်းရွှေ့ကြေး ယူရို ၁၈ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းခဲ့ပြီး ကစားသမားအတွက် အပိုဆုကြေး ၁ ဒသမ ၅ သန်း ပေးချေခဲ့သောကြောင့် အဲဗာတန်အသင်း၏ ကမ်းလှမ်းမှုကို မာဆေးအသင်းက လက်ခံခဲ့ပြီး ငါးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်။

အသက် ၂၄ နှစ်ရှိ အန်ဒီယာရီသည် အင်္ဂလန်ချန်ပီယံရှစ်ကလပ်ရှက်ဖီး(U)အသင်းတွင် ဘောလုံးရာသီနှစ်ရာသီ ကစားခဲ့ရာ ပြိုင်ပွဲစုံ ၈၈ ပွဲတွင် သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၄ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ၂၀၂၃ ခုနှစ်တွင် မာဆေးအသင်းသို့ရောက်ရှိခဲ့ကာ ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ပြိုင်ပွဲစုံ သွင်းဂိုး လေးဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အဲဗာတန်အသင်းနည်းပြ ဒိုက်ချီက ကစားသမား၏ ခြေစွမ်းပိုင်းကို နှစ်သက်ခဲ့ပြီး အပြောင်းအရွှေ့ မဖွင့်လှစ်မီခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာရေး အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့် အဲဗာတန်အသင်းသည် အပြောင်းအရွှေ့ကာလများတွင် ကစားသမားခေါ်ယူမှု နောက်ကျတတ်သော်လည်း ယခုအခါ အပြောင်းအရွှေ့ မဖွင့်လှစ်မီ လိဒ်အသင်းမှ တောင်ပံကစားသမား ဟာရစ်ဆန်ကို အငှားစာချုပ်၊ အေဗီလာအသင်းကစားသမား အီရိုဘူနမ်ကို အပြီးသတ်ခေါ်ယူရန် သဘောတူညီမှု ရယူနိုင်ခဲ့သည့်အပြင် အန်ဒီယာရီကိုလည်း ထပ်မံခေါ်ယူနိုင်ရန် သဘောတူညီမှု ရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ယူရို ၂၀၂၄ အုပ်စုအဆင့်တွင် အုပ်စု (A) မှ ဂျာမနီနှင့် ဆွစ်ဇာလန်၊ အုပ်စု(B)မှ စပိန်နှင့် အီတလီ၊ အုပ်စု(C)မှ အင်္ဂလန်၊ အုပ်စု(D )မှ ပြင်သစ်နှင့် နယ်သာလန်၊ အုပ်စု(F) မှ ပေါ်တူဂီအသင်းတို့ နောက်တစ်ဆင့်တက်ရောက်ခဲ့ကြောင်း သိရသည်။
- တူကီယဲအသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အဓိကတိုက်စစ်မှူး ပက်ထရစ်ရှိခ် ပါဝင်နိုင်မည်မဟုတ်ကြောင်း ချက်အသင်းနည်းပြ ဟာဆက်က အတည်ပြုပြောကြားခဲ့သည်။
- မန်ယူအသင်းက ကွင်းလယ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ပီအက်စ်ဂျီအသင်းကစားသမား အူဂါတီကိုခေါ်ယူရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်။

**ML**

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် ဇွန် ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် Black Eagle FC အသင်းနှင့် Yankin Youth အသင်းတို့ ကစားခဲ့ရာ Black Eagle FC အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် Black Cross Youth အသင်းနှင့် Taw Win Nan FC အသင်းတို့ ကစားခဲ့ရာ Taw Win Nan FC အသင်းက ခုနစ်ဂိုး လေးဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၁ နာရီတွင် Fanatics FC အသင်းနှင့် Sar Bal Gyi Doh အသင်းတို့ ကစားခဲ့ရာ Sar Bal Gyi Doh အသင်းက ခုနစ်ဂိုး ငါးဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Future Light FC အသင်းနှင့် Passion Play FC အသင်းတို့ ကစားခဲ့ရာ Future Light FC အသင်းက လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၂ နာရီတွင် IJ Fc အသင်းနှင့် Power HBI FC အသင်းတို့ ကစားခဲ့ရာ Power HBI FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီခွဲတွင် Fithouse FC အသင်းနှင့် Combine Team အသင်းတို့ ကစားခဲ့ရာ Fithouse FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

**STA**

# ကိုပါအမေရိကဖလား အဖွင့်ပွဲစဉ်တွင် ဘရာဇီးအသင်းနှင့် ကော်စတာရီကာအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဇွန် ၂၅**

ကိုပါအမေရိကဖလား အုပ်စု (D) အဖွင့်ပွဲစဉ်အဖြစ် ဘရာဇီးအသင်းနှင့် ကော်စတာရီကာအသင်းတို့ကစားခဲ့ရာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ၂၀၁၆ ခုနှစ်နောက်ပိုင်း အုပ်စုအဖွင့်ပွဲစဉ်တွင် ပထမဆုံး နိုင်ပွဲပျောက်ဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘရာဇီးအသင်းသည် ဗင်နီစီးယပ်စ်၊ ရိုဒရီဂို၊ ရာဖင်ဟာတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာခဲ့ရာ ကော်စတာရီကာအသင်းကို ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ဖိအားပေးနိုင်ခဲ့သောကြောင့် ပွဲချိန် မိနစ် ၃၀ တွင် ခံစစ်ကစားသမား မာကွင်ဟို၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း လူကျွံအနေအထားကြောင့် VAR ဖြင့် ပယ်ဖျက်ခံခဲ့ရပြီး ပထမပိုင်းတွင် သရေရလဒ်ဖြင့်ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် ဘရာဇီးအသင်းက ဦးဆောင်ဂိုးရရှိရေး တိုက်စစ်မြှင့်တင်နိုင်ခဲ့ပြီး ဖိအားပေးမှု ပိုမိုပြုလုပ်နိုင်ခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်မသေချာမှုကြောင့် ဂိုးရရှိရန် ရုန်းကန်ခဲ့ရသဖြင့် ပွဲချိန် မိနစ် ၇၀ ကျော်တွင် နည်းပြ ဒိုရစ်ဗယ်က တိုက်စစ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဦးဆောင်ဂိုးရရှိရေး အစွမ်းကုန်ကြိုးပမ်းခဲ့ရာ ကော်စတာရီကာ ခံစစ်ကြောင်း မကျော်ဖြတ်နိုင်ဘဲ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အုပ်စု (D) အခြားပွဲစဉ်တွင် ကိုလံဘီယာအသင်းက ပါရာဂွေးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် အုပ်စုပထမနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ရမှတ်တစ်မှတ်ရခဲ့သည့် ဘရာဇီးအသင်းက ဒုတိယ၊ ကော်စတာရီကာအသင်းက တတိယ၊ ပါရာဂွေးအသင်းက စတုတ္ထနေရာတွင် ရောက်ရှိခဲ့ပြီး ဘရာဇီးအသင်း အနေဖြင့် အုပ်စုဒုတိယပွဲစဉ်ကို ဇူလိုင် ၂၉ ရက်တွင် ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ယူရိုပြိုင်ပွဲသမိုင်းတွင် အသက်အကြီးဆုံးဂိုးသွင်းယူနိုင်သူအဖြစ် မိုဒရစ်စံချိန်သစ်တင်

**ဇက်ဂ်ရက် ဇွန် ၂၅**

ခရိုအေးရှား အသင်းနှင့် အီတလီအသင်းတို့ ကစားခဲ့သည့် ယူရိုပြိုင်ပွဲ အုပ်စု(B) နောက်ဆုံးပွဲစဉ်တွင် ခရိုအေးရှားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည့် ကွင်းလယ်ကစားသမား လူကာမိုဒရစ်က ယူရိုပြိုင်ပွဲသမိုင်းတွင် အသက်အကြီးဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် ခရိုအေးရှားအသင်းအတွက် ဒုတိယပိုင်း ပွဲကစားချိန် ၅၄ မိနစ်အရောက်တွင် ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဂိုးသမား ဒွန်နာရမ်မာ ပြန်လည်ပုတ်ထုတ်နိုင်ခဲ့ပြီး ပြန်ထွက်လာသည့်ဘောလုံးကို အသင်းဖော် ဘူဒီမာက မိုဒရစ်ကို ဖန်တီးပေးခဲ့သဖြင့် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ကာ အသက် ၃၈ နှစ် ၂၈၉ ရက်ဖြင့် ဂိုးသွင်းယူနိုင်သည့် အသက်အကြီးဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ယူရိုပြိုင်ပွဲသမိုင်းတွင် ဩစတြီးယားကစားသမား အီဗီဆာမက်စတစ်က ၂၀၀၈ ခုနှစ် ယူရိုပြိုင်ပွဲတွင် ပိုလန်အသင်းအား ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ၃၈ နှစ် ၂၅၇ ရက်ဖြင့် အသက်အကြီးဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် စံချိန်တင်ခဲ့သော်လည်း ယခုပွဲစဉ်တွင် မိုဒရစ်အား ခရိုအေးရှားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီးနောက် အီဗီဆာမက်စတစ်၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။



ယူရိုပြိုင်ပွဲတွင် အသက်အကြီးဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားများမှာ လူကာမိုဒရစ်ပြီးလျှင် ဩစတြီးယားကစားသမား အီဗီဆာမက်စတစ်က ဒုတိယ၊ မြောက်မက်ဆီဒိုးနီးယားကစားသမား ပန်ဒက်ဗ်က ၃၇ နှစ် ၃၂၁ ရက်ဖြင့် တတိယ၊ ဟန်ဂေရီကစားသမား ဂါရာက ၃၇ နှစ် ၆၁ ရက်ဖြင့် စတုတ္ထ၊ မြောက်အိုင်ယာလန်ကစားသမား မက်အူလေးက ၃၆ နှစ် ၁၉၄ ရက်ဖြင့် ပဥ္စမနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲယှဉ်ပြိုင်ရန် လှေလှော်အားကစားအဖွဲ့ ရုရှားနိုင်ငံသို့ထွက်ခွာ




**ရန်ကုန် ဇွန် ၂၅**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ **Barnaul** မြို့တွင် ကျင်းပမည့် နိုင်ငံတကာ ယဉ်ကျေးမှုနှင့် အားကစားပွဲ (နဂါးလှေပြိုင်ပွဲ) (**Altai Regatta Dragon Festival**)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာလှေလှော်အားကစားအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက လေယာဉ်အမှတ် **MAI-BM 130** ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ ယဉ်ကျေးမှုနှင့် အားကစားပွဲ (နဂါးလှေပြိုင်ပွဲ) (**Altai Regatta Dragon Festival** )ကို လာမည့် ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာလှေလှော်အားကစားဖွဲ့တွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း ဦးဆောင်ပြီး အုပ်ချုပ်သူ၊ နည်းပြနှစ်ဦး၊ အားကစားသမား အမျိုးသား ၁၂ ဦး စုစုပေါင်း ၁၅ ဦး လိုက်ပါခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတကာ ယဉ်ကျေးမှုနှင့် အားကစားပွဲ (နဂါးလှေပြိုင်ပွဲ) (**Altai Regatta Dragon Festival**)တွင် အိမ်ရှင်ရုရှားနိုင်ငံအပါအဝင် မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့က ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၂၀၀၀ ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# WBC စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို အမေရိကန်လက်ဝှေ့သမား ဒက်ဗင်ဟန်နေးစွန့်လွှတ်

**ဝါရှင်တန် ဇွန် ၂၅**

**WBC** စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဒက်ဗင်ဟန်နေးသည် လက်ဝှေ့လောကမှ ခေတ္တအနားယူလိုသည့်အတွက် ကမ္ဘာ့ချန်ပီယံခါးပတ်ကိုစွန့်လွှတ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဒက်ဗင်ဟန်နေးသည် ဧပြီ ၂၀ ရက်က အမေရိကန်လက်ဝှေ့သမား ရိုင်ယန်ဂါစီယာနှင့် ထိုးသတ်ခဲ့ပြီး ယင်းပွဲစဉ်တွင် ရိုင်ယန်ဂါစီယာက အနိုင်ရရှိခဲ့သော်လည်း စိန်ခေါ်ပွဲအပြီးတွင် ရိုင်ယန်ဂါစီယာသည် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် **WBC** စူပါလိုက်ဝိတ်တန်း ချန်ပီယံခါးပတ်အား ပြန်လည်ရုပ်သိမ်းခံခဲ့ရပြီး ဇွန် ၂၃ ရက်တွင် ဒက်ဗင်ဟန်နေးအား **WBC** စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အား ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့သည်။

ကမ္ဘာ့ချန်ပီယံ ခါးပတ်အား ပြန် လည်ရရှိခဲ့သည့် ဒက်ဗင်ဟန်နေးသည် စပိန်လက်ဝှေ့သမား ဆန်ဒေါမာတင်နှင့် ချန်ပီယံကာကွယ်ပွဲ ထိုးသတ်သွားရန် **WBC** အဖွဲ့ချုပ်က ညွှန်ကြားခဲ့သည်။

ဒက်ဗင်ဟန်နေးသည် ဆန်ဒေါမာတင်ဖြင့် ထိုးသတ်သွားရန် ဆန္ဒမရှိဘဲ လက်ဝှေ့လောကမှ ခေတ္တအနားယူရန် ဆုံးဖြတ်လိုက်သည့်အတွက်ကြောင့် **WBC** အဖွဲ့ချုပ်က **WBC** စူပါလိုက်ဝိတ်တန်း ယာယီချန်ပီယံဖြစ်သူ ဒိုမီနီကန်လက်ဝှေ့သမား အယ်ဘာတိုအား ချန်ပီယံခါးပတ် လွှဲပြောင်းပေးအပ်လိုက်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(B) ဒုတိယပွဲစဉ်တွင် မြန်မာအသင်းက ဘရူနိုင်းအသင်းကို ရှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဇွန် ၂၅**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(**B**) အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲက မြန်မာ ယူ-၁၆ အသင်းနှင့် ဘရူနိုင်း ယူ-၁၆ အသင်းတို့ ကစားခဲ့ရာ မြန်မာ ယူ-၁၆ အသင်းက ရှစ်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပွဲစဉ်တွင် ပွဲစကတည်းက မြန်မာ ယူ-၁၆ အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ခုနစ်မိနစ်နှင့် ၂၃ မိနစ်တွင် ကျော်သီဟကလည်းကောင်း၊ ပွဲချိန် ရှစ်မိနစ်နှင့် ၂၃ မိနစ်တွင် သူရမင်းသန့်ကလည်းကောင်း၊ ပွဲချိန် ကိုးမိနစ်တွင် ဉာဏ်အောင်က လည်းကောင်း၊ ပွဲချိန် ၁၈ မိနစ်တွင် ကျော်ညီညီကလည်းကောင်း၊ ပွဲချိန် ၃၄ မိနစ်တွင် မျိုးနန္ဒအောင်ကလည်းကောင်း မြန်မာ ယူ-၁၆ အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ပထမပိုင်းအပြီးတွင် မြန်မာ ယူ-၁၆ အသင်းက ဘရူနိုင်း ယူ-၁၆ အသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာ ယူ-၁၆ အသင်းကပင် ခြေစွမ်းပိုင်းအသာစီးဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၅၆ မိနစ်တွင် မျိုးနန္ဒအောင်က မြန်မာ ယူ-၁၆ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ခုနစ်မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် **AK Faris** က ဘရူနိုင်း ယူ-၁၆ အသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာ ယူ-၁၆ အသင်းက ဘရူနိုင်း ယူ-၁၆ အသင်းကို ရှစ်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရှုံးထွက်အဆင့်တက်ရောက်ရန် မျှော်လင့်ချက် ကောင်းမွန်လာခဲ့ကြောင်း သိရသည်။

**STA**

# Eastbourne International ပြိုင်ပွဲ ဒုတိယအဆင့်သို့ အိုစတာပင်ကိုတက်ရောက်

**အိစ်ဘုန်း ဇွန် ၂၅**

ဗြိတိန် အိစ်ဘုန်းမြို့တွင် ကျင်းပနေသည့် **Eastbourne International** တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် လက်ဗီးယားတင်းနစ်မယ် အိုစတာပင်ကိုနှင့် ဘယ်လ်ဂျီယံတင်းနစ်မယ် မင်နန်တို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ အိုစတာပင်ကိုက (၇-၆၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်လှမ်းခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အိုစတာပင်ကိုသည် ၂၀၂၁ ခုနှစ်တွင် **Eastbourne International** တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးထားသလို ၂၀၂၂ ခုနှစ်တွင်လည်း **Eastbourne International** တင်းနစ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခွင့်ရရှိခဲ့ဖူးသူဖြစ်သည်။

ပထမပွဲငယ်တွင် အိုစတာပင်ကိုသည် မင်နန်အား အနိုင်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရပြီး **tie-break** တွင် အိုစတာပင်ကိုက အနိုင်ရရှိသွားခဲ့သည်။

ဒုတိယပွဲငယ်တွင်မူ အိုစတာပင်ကိုက အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး ပြတ်သားသည့်ရလဒ်ဖြင့် မင်နန်အားအနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အိုစတာပင်ကိုက "ပထမအဆင့်ပွဲစဉ်မှာ ကစားရတာ အကြိတ်အနယ်ရှိခဲ့တယ်။ မင်နန်ကလဲ အနိုင်ရလဒ်နဲ့ထိုက်တန်တဲ့ လက်စွမ်းတွေ ပြသနိုင်ခဲ့တယ်။ အထူးသဖြင့် ပထမပွဲငယ်မှာ နှစ်ယောက်စလုံးက အကောင်းဆုံး ကစားနိုင်ခဲ့ကြသလို ကံပိုကောင်းခဲ့တဲ့ကျွန်မက အနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ပဲရစ်အိုလံပစ်အားကစားပွဲတော်ပြိုင်ပွဲဝင်ခွင့်တွင် နယူးဇီလန်နိုင်ငံမှ လိုင်ဒီယာကိုနှင့် မိုမိုကာတို့ပါဝင်လာ

**ပဲရစ် ဇွန် ၂၅**

ပြင်သစ်နိုင်ငံ ပဲရစ်အိုလံပစ်အားကစားပွဲတော် ပြိုင်ပွဲဝင်ခွင့်အတွက် အပြီးသတ်လူစာရင်း ထုတ်ပြန်ခဲ့ရာတွင် နယူးဇီလန်နိုင်ငံမှ လိုင်ဒီယာကိုနှင့် မိုမိုကာတို့ ပါဝင်လာကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အိုလံပစ် အားကစားပွဲတော် ဝင်ခွင့်အား ကမ္ဘာ့အဆင့်ရပ်တည်ချက်ဖြင့် သတ်မှတ်ပေးခြင်းဖြစ်ပြီး ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် ပြိုင်ပွဲဝင် ဦးရေ ၆၀ ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အိုလံပစ် အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သော ကစားသမားများအား ထုတ်ပြန်ခဲ့ရာတွင် အမေရိကန်နိုင်ငံမှ ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါ၊ ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်မယ် လီလီယာဗူ၊ ကမ္ဘာ့အဆင့်(၉) ဂေါက်သီးရိုက်မယ် ရို့စ်ကျန်တို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘာ့အဆင့်(၃) ဂေါက်သီးရိုက်မယ် ဂျင်ယန်းကို၊ ကမ္ဘာ့အဆင့်(၅) ဂေါက်သီးရိုက်မယ် အေမီယန်၊ ကမ္ဘာ့အဆင့်(၁၃) ဂေါက်သီးရိုက်မယ် ကင်မ်ဟိုဂျိုတို့ဖြစ်ပြီး တရုတ်နိုင်ငံမှ ကမ္ဘာ့အဆင့်(၄) ဂေါက်သီးရိုက်မယ် ရှုနင်ယင်၊ ကမ္ဘာ့အဆင့်(၁၅) ဂေါက်သီးရိုက်မယ် လင်ကျီယူတို့ဖြစ်သည်။

ပြင်သစ်နိုင်ငံမှ ဘိုတီယာ၊ ဒီလာကော်၊ ဩစတြေးလျနိုင်ငံမှ ဟန်နာဂရင်း၊ မင်ဂျီလီ၊ ဂရိတ်ဗြိတိန်မှ ချာလေဟူလ်၊ ဂျော်ဂျီယာဟောတို့ဖြစ်သည်။

ဂျပန်နိုင်ငံမှ ယူကာဆာဆို၊ ယာမာရှီတာ၊ ထိုင်းနိုင်ငံမှ တီတီကူလ်၊ တာဗာတာတာကစ်၊ ကနေဒါနိုင်ငံမှ ဟန်ဒါဆင်၊ အလီနာရှပ်တို့ဖြစ်ပြီး နယူးဇီလန်နိုင်ငံမှ လိုင်ဒီယာကို၊ မိုမိုကာတို့ဖြစ်ပြီး ဆွီဒင်နိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ တရုတ်(တိုင်ပေ)၊ နယ်သာလန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ ချက်နိုင်ငံ၊ ဖင်လန်နိုင်ငံတို့မှ ပြိုင်ပွဲဝင်နှစ်ဦးစီနှင့် ဘယ်လ်ဂျီယံနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ အီတလီနိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စလိုဗေးနီးယားနိုင်ငံ၊ မော်ရိုကိုနိုင်ငံတို့မှ တစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ကြသည်။

လိုင်ဒီယာကိုသည် အိုလံပစ်အားကစားပွဲတော်တွင် နှစ်ကြိမ်ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ် အားကစားပွဲတော်တွင် ငွေတံဆိပ်ဆု ရရှိခဲ့သလို ၂၀၂၀ ခုနှစ် တိုကျိုအိုလံပစ်အားကစားပွဲတော်တွင်လည်း ကြေးတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

၎င်းအနေဖြင့် တတိယမြောက် အိုလံပစ်ဆုတံဆိပ်ကို ဆွတ်ခူးရရှိနိုင်ရေးအတွက် ပစ်မှတ်ထားနေပြီး ယခုနှစ်အတွင်း ရလဒ်များ ဆိုးရွားနေသည့်အခြေအနေမှ ရုန်းထွက်နိုင်ရန်လည်း ပစ်မှတ်ထားနေသူဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

မောင်သောင်းဝင်း(တမန်ဟောင်း)

# မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းတားဆီးကာကွယ်

၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်သည် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များသည် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့ကြသည်။ ကုလသမဂ္ဂအထွေထွေညီလာခံသည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဆုံးဖြတ်ချက်အမှတ်၊ ၄၂/၁၁၂ ချမှတ်ကာ ထိုနေ့ကို သတ်မှတ်ခဲ့သည်။ ထို့နောက် ၁၉၈၈ ခုနှစ်မှစတင်၍ နှစ်စဉ် ဇွန် ၂၆ ရက်တွင် ကမ္ဘာတစ်ဝန်း၌အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပလျက်ရှိသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို အမျိုးသားရေးအသွင်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။ ထိုအခမ်းအနားကျင်းပရခြင်းသည် ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးအလွဲသုံးမှု ပပျောက်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသော သန္နိဋ္ဌာန်ကို ခိုင်မာစွာဆုံးဖြတ်ထားကြောင်းကို ဖော်ညွှန်းနေခြင်းပင်ဖြစ်သည်။

**လူငယ်ထုအတွင်းစီးဆင်းနေ**

စင်စစ်အားဖြင့် မူးယစ်ဆေးဝါးသည် အကြောက်အလန့်နည်းသော၊ စူးစမ်းချင်သော၊ တက်ကြွလိုသော လူငယ်လူရွယ်များ၏ နယ်ပယ်သို့စီးဆင်းလေ့ရှိသည်။ မူးယစ်ဆေးဝါးသည် လူငယ်လူရွယ်များ၏ဘဝနှင့် လူမှုပတ်ဝန်းကျင်အသိုက်အဝန်းလောကကို နင်းခြေဖျက်ဆီးပစ်နိုင်သည်။ လူငယ်လူရွယ်များသည် အနာဂတ်၏ ပန်းကလေးများပင်ဖြစ်သည်။ ယခင်က နယ်စပ်ဒေသများတွင်သာ မူးယစ်းဆေးဝါးများဖမ်းဆီးရမိလေ့ရှိသော်လည်း လက်ရှိအချိန်တွင်မူ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် နေရာအတော်များများတွင် မူးယစ်ဆေးဝါးများ ဖမ်းမိနေသည်။ မူးယစ်ဆေးဝါးသည် လူငယ်ထုအတွင်းသို့ နည်းမျိုးစုံဖြင့် စီးဆင်းဝင်ရောက်လျက်ရှိသည်။ စိတ်အလိုလိုက်သူများ၊ လက်တည့်စမ်းလိုသူများ၊ အပေါင်းအသင်းမှားသည့် လူငယ်များသည် မူးယစ်ဆေးစွဲလေ့ရှိကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ လူငယ်ထုအတွင်း၌ မူးယစ်ဆေးဝါးသုံးစွဲနေမှုကို အသွင်အမျိုးမျိုးဖြင့် တွေ့ရှိလာရသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် စီးပွားရေးနှင့်လူမှုရေးကို ထိခိုက်စေရုံသာမက ဂုဏ်သိက္ခာကိုပါ ညှိုးနွမ်းစေနိုင်သည်။

မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုများတွင် အဓိကပစ်မှတ်များမှာ ကျောင်းသားလူငယ်၊ ကလေးသူငယ်များဖြစ်ကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ပညာသင်ယူရန်အခွင့်အလမ်းနည်းပါးခြင်း၊ ပတ်ဝန်းကျင်အသိုက်အဝန်းများ ကြမ်းတမ်းဆိုးရွားခြင်းတို့သည် လူငယ်များကို မူးယစ်နွံအတွင်း သက်ဆင်းစေနိုင်သည်။ မူးယစ်ဆေးဝါးများသည် ရပ်ကွက်၊ ကျေးရွာများထိ စိမ့်ဝင်ထိုးဖောက်ရောက်ရှိလျက်ရှိသဖြင့် လူငယ်လူရွယ်များအတွက် အန္တရာယ်ကြီးမားလှပေသည်။ အရက်သေစာအပါအဝင် မူးယစ်ဆေးဝါးများ လူ့ဘောင်လောကအတွင်းသို့ အလွယ်တကူ ရောက်လာမှုများကို ပူးပေါင်းတားဆီးသွားရန်လိုအပ်သည်။ အထူးသဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် တာဝန်ရှိ ပြည်သူများ၏ သတင်းပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိသည်။

ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းလာစေရန် ကျောင်းသားလူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ တိုက်ရိုက်အသိပညာပေးခြင်းနှင့် သွယ်ဝိုက်၍ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လည်း အထူးလိုအပ်သည်။ ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးမှုများ တိုက်ရိုက်ရောက်ရှိစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သည့်သတင်း၊ တေးသီချင်းနှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများကို ထုတ်လွှင့်ပြသပေးသင့်သည်။

ထို့ပြင် နေ့စဉ်ထုတ်သတင်းစာများ၊ မဂ္ဂဇင်းများ၊ စာစောင်နှင့် ဂျာနယ်များတွင်လည်း ပညာပေးဇာတ်လမ်းများ၊ ဆောင်းပါးများ၊ ဝတ္ထုတိုများနှင့် ကာတွန်းများ ထည့်သွင်းဖော်ပြပေးသင့်သည်။ သာဓကအနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူး၍ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲမျိုးကို အခြားသောဆက်စပ်ဝန်ကြီးဌာနများကလည်း အမျိုးသားရေးအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပေးသင့်သည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

တစ်ချိန်က လူမှုရေးနှင့် ရာဇဝတ်မှုပြဿနာများအဖြစ် ရှုမြင်ခဲ့သော မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းသည် လူသားအားလုံး၏ ကျန်းမာရေးနှင့် လူမှုရေးတို့ကို သိသိသာသာ ခြိမ်းခြောက်စိန်ခေါ်လာလျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ရာဇဝတ်မှုကျူးလွန်ရုံသာမက ကျန်းမာရေးပြဿနာတစ်ရပ်လည်းဖြစ်သည်။ အဓိကရာဇဝတ်မှုကျူးလွန်သူများသည် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ဖောက်ကားသူများဖြစ်ကြသည်။ မူးယစ်ဆေးဝါး သုံးစွဲသူအရေအတွက်ကို လျှော့ချနိုင်မှသာလျှင် ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ဝယ်လိုအားကိုအဓိကထား၍ လျှော့ချသွားမည်ဆိုလျှင် ထုတ်လုပ်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် အစပြုဓာတုဆေးဝါးများ၏ အန္တရာယ်ကိုလည်း တိုက်ဖျက်သွားရန် အထူးလိုအပ်နေသည်။

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အစိုးရအဆက်ဆက်သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသောကြောင့် အောင်မြင်မှုများလည်း သိသာထင်ရှားစွာ ရရှိလျက်ရှိသည်။ ၂၀၂၃ ခုနှစ်ထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး (၃၁) ခု ဆောင်ရွက်နိုင်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ရွှေတြိဂံဒေသ၌ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ အထူးစစ်ဆင်ရေးများ ဆောင်ရွက်နိုင်သောကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ဓာတုပစ္စည်းအများအပြားကို ဖမ်းဆီးနိုင်ခဲ့သည်။ အထူးသဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်ထိ ဘိန်းဖြူ ၆ ဒသမ ၀၅ တန်ကျော်၊ စိတ်ကြွဆေးပြား ၆၂၉ သန်းကျော်၊ အိုက်စ် ၅၃ တန်ကျော်၊ မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိအမှုပေါင်း ၂၁၀၉၈ မှု၊ တန်ဖိုးငွေကျပ် ၃၃၅၄ ဘီလီယံကျော်၊ ဖမ်းဆီးရမိသူ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၉၄၆၈ ဦးရှိခဲ့သည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများကိုလည်း နှစ်စဉ်မီးရှို့ဖျက်ဆီးလျက်ရှိသည်။ အထူးသဖြင့် လူသူအရောက်အပေါက်နည်းပါးသော ဝေးလံခေါင်ဖျားသည့်နေရာများတွင် စိုက်ပျိုးထားသောဘိန်းခင်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖျက်ဆီးလျက်ရှိသည်။ နယ်စပ်ဒေသများရှိ တိုင်းရင်းသားများအတွက် ဘိန်းအစားထိုးမျိုးစေ့များ ထုတ်ပေးခြင်းနှင့် အခြားအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိသည်။ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုကျူးလွန်သူများအား ထိရောက်သည့် အရေးယူပြစ်ဒဏ်ပေးမှုများကိုပါ ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် သိသာသော အောင်မြင်မှုများရရှိနေပြီဖြစ်သည်။

**မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းတားဆီးကာကွယ်**

မူးယစ်ဆေးဝါးနှင့်စိတ်ကြွဆေးများ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းသည် ငွေကြေးလွယ်ကူစွာရရှိသော ဒုစရိုက်လုပ်ငန်းပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများ ထူပြောနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း တရားဥပဒေစိုးမိုးမှုအားနည်းသည့် ဒေသများနှင့်ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများ ထူပြောလျက်ရှိသည်။ အထူးသဖြင့် အချို့သော EAOများသည် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားလျက် ရန်ပုံငွေရှာလျက်ရှိကြသည်။

ဆိုရလျှင် မူးယစ်ဆေးဝါးသည် လူသားအားလုံးကို ခြိမ်းခြောက်နေသည့် ဘုံရန်သူပင်ဖြစ်သည်။ အထူးသဖြင့် မူးယစ်ဆေးဝါးသည် စူးစမ်းချင်သောလူငယ်လူရွယ်များ၏ နယ်ပယ်သို့ စီးဆင်းလေ့ရှိသည်။ ထိုမူးယစ်ဆေးဝါးသည် လူငယ်လူရွယ်များ၏ဘဝကို နင်းခြေဖျက်ဆီးပစ်နိုင်သည်။ ထို့ကြောင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝဘေးကင်းလုံခြုံရေးအတွက် လူသားအားလုံးကို ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးကို ဘုံရန်သူအဖြစ် ဝိုင်းဝန်းပူးပေါင်းပါဝင်တိုက်ဖျက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

❖ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ရာဇဝတ်မှုကျူးလွန်ရုံသာမက ကျန်းမာရေးပြဿနာတစ်ရပ်လည်းဖြစ်သည်။ အဓိကရာဇဝတ်မှုကျူးလွန်သူများသည် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ဖောက်ကားသူများဖြစ်ကြသည်။ မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက်ကို လျှော့ချနိုင်မှသာလျှင် ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ဝယ်လိုအားကို အဓိကထား၍ လျှော့ချသွားမည်ဆိုလျှင် ထုတ်လုပ်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် အစပြုဓာတုဆေးဝါးများ၏အန္တရာယ်ကိုလည်း တိုက်ဖျက်သွားရန် အထူးလိုအပ်နေသည်။ ❖

# မြစ်သားမြို့နယ် ကျွဲတပ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မြစ်သား ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲတပ်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျွဲတပ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျွဲတပ်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကျွဲတပ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## BAE Systems ကုမ္ပဏီက Tridon Mk2 မြေပြင်အခြေစိုက်လေကြောင်းကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသ



BAE Systems ကုမ္ပဏီသည် ဒရုန်းများ၊ လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် သံချပ်ကာယာဉ်များကိုပင် တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ၎င်း၏ Tridon Mk2 လေကြောင်းရန်ကာကွယ်ရေးစနစ်အသစ်ကို ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပါရီမြို့ရှိ Eurosatory 2024 ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသထားသည့် ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်သည် ဒုတိယကမ္ဘာစစ်အတွင်း တွင်ကျယ်စွာအသုံးပြုခဲ့သည့် Bofors40 မီလီမီတာလေယာဉ်ပစ်အမြောက်ကို အခြေခံထားသည်။

လက်နက်စနစ်၏ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းသည် ပြောင်းလဲနေသော စစ်မြေပြင်လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် အစိတ်အပိုင်းများကိုလွယ်ကူစွာဖြုတ်ခြင်း၊ တပ်ခြင်း၊ တိုက်ချွတ်ခြင်း၊ ကြံ့ခိုင်ထိန်းသိမ်းခြင်းများ၊ အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်နိုင်စေမည်ဖြစ်သည်။

မြေပြင်အခြေစိုက်လက်နက်စနစ်ဖြစ်ပြီး ပစ်မှတ်အမျိုးအစား၊ ခဲယမ်းနှင့် မြေမျက်နှာသွင်ပြင်အနေအထားပေါ် မူတည်၍ ထိရောက်အကွာအဝေး ၁၂ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

Tridon Mk2 လက်နက်စနစ်သည် လေကြောင်းခြိမ်းခြောက်မှုရန်များမှတပ်ဖွဲ့ဝင်များနှင့် အရေးကြီးအခြေခံအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်မည့် လက်နက်စနစ်တစ်ခုလည်း ဖြစ်သည်ဟု ကုမ္ပဏီမှတာဝန်ရှိသူ Lena Gillström က ပြောကြားခဲ့သည်။

တစ်ကမ္ဘာလုံးတွင် ဒရုန်းခြိမ်းခြောက်မှုအန္တရာယ်များ ကြီးထွားလာသည်နှင့်အမျှ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်မှာ အရေးကြီးလုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ Tridon Mk2 လက်နက်စနစ်သည် ယူကရိန်းအထူးစစ်ဆင်ရေးမှ လေကြောင်းခြိမ်းခြောက်မှုများအပေါ် အကဲဖြတ်ဆန်းစစ်၊ သင်ခန်းစာဖော်ထုတ်၍ အနာဂတ်တွင် ကြုံတွေ့လာနိုင်ဖွယ်ရှိသည့် NATO မဟာမိတ်နိုင်ငံများအတွက် အဆိုပါကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း BAE Systems မှ အခိုင်အမာ ပြောကြားခဲ့သည်။

NATO စံနှုန်းခဲယမ်းများအပါအဝင် ခဲယမ်းမျိုးစုံ အသုံးပြုပစ်ခတ်နိုင်သည့် မည်သည့်တပ်မတော်မဆို လက်နက်စနစ်၏ ပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်နိုင်စွမ်းကို ကောင်းစွာအသုံးချနိုင်မည်ဖြစ်သည်။ ၄၀ မမ လေယာဉ်ပစ်အမြောက်ကို ယာဉ်ပလက်ဖောင်းအမျိုးမျိုးပေါ်တွင် တပ်ဆင်နိုင်ပြီး အဝေးထိန်းစနစ်ဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းကြောင့် မိမိစစ်သည်များကို ဘေးကင်းလုံခြုံမှုအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။

Tridon Mk2 လက်နက်စနစ်တွင် ကြီးမားကျယ်ပြန့်သော အချက်အခြာဧရိယာများကို ကာကွယ်ပေးနိုင်စွမ်းရှိသည့် ခေတ်မီဆန်းပြားသော နေ့၊ ညအာရုံခံကိရိယာများနှင့် ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်များတပ်ဆင်ထားပြီး ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် လွှမ်းခြုံကာကွယ်ထားနိုင်မည်ဖြစ်သည်။

"ဈေးကြီးတဲ့ ဒုံးကျည်စနစ်တွေဟာ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ အထူးရည်ရွယ် ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဘေးကင်းစိတ်ချရတဲ့ ဝေဟင်ပိုင်နက်ဖြစ်စေဖို့အတွက် ကုန်ကျစရိတ်သက်သာရေးဟာလဲ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လက်နက်စနစ်အနေနဲ့ ရန်သူ့ခြိမ်းခြောက်မှုတွေကို လျင်လျင်မြန်မြန် တုံ့ပြန်နိုင်ဖို့ လိုအပ်ချက်တွေဖြည့်ဆည်းပေးနိုင်မှာဖြစ်တယ်လို့ ယုံကြည်ပါကြောင်း" ကုမ္ပဏီက ပြောကြားခဲ့သည်။

**BAE Unveils 'Tridon Mk2' Ground-Based Air Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က ယူကရိန်းတို့၏ ဒရုန်းအစင်း ၁၂၀ ကို ကြားဖြတ်ပစ်ချနိုင်

ရုရှားတပ်မတော်သည် ယူကရိန်းတို့၏ ဒရုန်းစီးနင်းတိုက်ခိုက်မှု အများအပြားကို ညတွင်းချင်း တန်ပြန်ချေမှုန်းနိုင်ခဲ့ပြီး တစ်ညအတွင်း ဒရုန်း ၁၁၄ စင်းကိုပစ်ချနိုင်ခဲ့ကာ ပင်လယ်နက်အတွင်းရေတပ်သုံးဒရုန်း ခြောက်စင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဇွန် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် ရုရှားနိုင်ငံ အခြေခံအဆောက်အအုံများကိုမောင်းသူမဲ့ရေယာဉ်များနှင့် ဒရုန်းများကိုအသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်ရန် ယူကရိန်းအစိုးရ၏ ကြိုးပမ်းမှုကိုတားဆီးနိုင်ခဲ့ကြောင်း ရုရှားတပ်မတော်၏ ဇွန် ၂၁ ရက် သတင်းထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားကြောင်း သိရသည်။

ခရိုင်းမီးယားနယ်မြေအတွင်း ဒရုန်းအစင်းရေ ၇၀ ထက်မနည်းဝင်ရောက်လာမှုကို ကြားဖြတ်ဟန့်တားခဲ့ပြီး ပင်လယ်နက်ရေယာဉ်စုက မောင်းသူမဲ့ရေယာဉ် ခြောက်စီးကိုတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ Krasnodar ဒေသတွင် နောက်ထပ် ဒရုန်း ၄၃ စင်းပျက်ကျခဲ့ပြီး ဗော်ဂိုဂရက်ဒေသတွင် ဒရုန်းတစ်စင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း စစ်ဘက်က ပြောကြားခဲ့သည်။

Krasnodar မြို့တွင် Yuzhny ဘတ်စကားဂိတ်အနီးရှိ ဘွိုင်လာစက်ရုံတစ်ခုပျက်စီးခဲ့သည်။ တိုက်ခိုက်မှုအတွင်း အလုပ်သမားတစ်ဦး သေဆုံးပြီး အများအပြားဒဏ်ရာရခဲ့ကြောင်း၊ မြို့တွင်းရှိ အခြားနေရာများတွင် ဒရုန်းများကျရောက်ပေါက်ကွဲခဲ့ပြီး ရေနံချက်စက်ရုံပိုင်နက်နယ်မြေရှိ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများကို ပျက်စီးခဲ့ကြောင်း Krasnodar ဒေသအုပ်ချုပ်ရေးမှူး Veniamin Kondratyev က ပြောကြားခဲ့သည်။

ယူကရိန်းနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ရုရှားနိုင်ငံ Bryansk ဒေသတွင် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက နောက်ထပ် ဒရုန်းသုံးစင်းကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

ယူကရိန်းစစ်ဘက်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပဋိပက္ခစတင်ချိန်မှစ၍ ရုရှားနယ်စပ်ဒေသများတွင် ဒရုန်းတိုက်ခိုက်မှုများကို ပုံမှန်ပြုလုပ်ခဲ့ပြီး စီးနင်းတိုက်ခိုက်မှုအများအပြားသည် အရေးကြီးအခြေခံအဆောက်အအုံများနှင့် လူနေရပ်ကွက်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ တာဝေးပျံသန်းတိုက်ခိုက်နိုင်သော Kamikaze အသေခံဒရုန်းများကို အသုံးပြု၍ ရုရှားနိုင်ငံပိုင် ရေနံချက်စက်ရုံများနှင့် သိုလှောင်ရုံများကိုပျက်စီးစေရန် ယူကရိန်းတို့၏ကြိုးပမ်းမှုများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလကတည်းက အရှိန်ပြင်းထန်လာခဲ့သည်။

ထို့ကြောင့်လည်း ရုရှားသမ္မတပူတင်က ယူကရိန်းစွမ်းအင်အခြေခံအဆောက်အအုံနှင့် စစ်ဘက်-စက်မှုလုပ်ငန်းဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်မှုအရှိန်မြှင့်ရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် ၎င်းတိုက်ခိုက်မှုများကိုထောက်ပြ ပြောကြားခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခြိမ်းခြောက်မှုမဖြစ်စေရန်အတွက် ရုရှား၏ လက်တုံ့ပြန်တိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့သည်ဟု ပူတင်က အလေးပေး ပြောကြားခဲ့သည်။



ရုရှားတပ်မတော်သည် ဇွန် ၂၀ ရက်တွင် ယူကရိန်းနိုင်ငံရှိ ပစ်မှတ်များကို ဒုံးကျည်နှင့် ဒရုန်းများအသုံးပြု၍ အကြီးစားတိုက်ခိုက်မှုတစ်ရပ် ထပ်မံပြုလုပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။ ယူကရိန်းနိုင်ငံ၏ အမျိုးသားလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီ Ukrenergo ၏ ပြောကြားချက်အရ မြို့တော်အတွက် လျှပ်စစ်စွမ်းအင်ပေးနေသည့် ယူကရိန်းဒေသတွင်ရှိသော စက်ရုံများအပါအဝင် နိုင်ငံအနှံ့အပြားတွင် စွမ်းအင်အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရကြောင်း သိရသည်။

ရုရှားတို့ဘက်မှ လက်တုံ့ပြန်သည့်အနေဖြင့် ဆောင်ရွက်ခဲ့သည့် အကြီးစားတိုက်ခိုက်မှုများသည် မတ် ၂၂ ရက်နောက်ပိုင်း သတ္တမမြောက်အကြိမ်ဖြစ်ပြီး ယူကရိန်းနိုင်ငံရှိ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအပေါ် ကန့်သတ်ချက်များ ထပ်မံဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Russia intercepts 120 Ukrainian drones overnight – MOD ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Myanmar National Education Conference 2024 opens; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address





Senior General Min Aung Hlaing watches performances.

**Nay Pyi Taw June 25**

The Myanmar National Education Conference opened at MICC-II here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Joint SAC Secretary Lt-Gen Ye Win Oo, SAC members, union ministers, union level officials, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, rectors, principals, ministry officials, resource persons, teachers and students.

First, Chairman of the Steering Committee to hold Myanmar National Education Conference Vice-Senior General Soe Win, Joint SAC Secretary Lt-Gen Ye Win Oo, SAC member General Mya Tun Oo, Union Minister for Education Dr Nyunt Pe and Union Minister for Science and Technology Dr Myo Thein Kyaw formally opened the ceremony.

Senior General Min Aung Hlaing unveiled the archway by pushing a button.

At the second part of the ceremony, artistees of the Fine Arts Department, Ministry of Religious Affairs and Culture sang the song "The issue of education, the song of the conference" and staged dance performances.

In his address, the Senior General said the number of well-educated persons is the foundation of national development. Hence, the theme of this year's conference is "Promoting education for the development of human resources". The goal of the country is to build a prosperous future state with educated persons imbued with educational and technological knowledge. So, efforts will be made to realize a multifaceted education system that meets the quality standard.

In fact, education involves trying to attain detailed knowledge, getting to know, or having a broader knowledge. Studying can be conducted through formal education, non-formal education and informal education. From that stage, a person will have to join the lifelong learning process. **Knowledge is like the light that can overcome darkness. It can also overcome ignorance.** In this regard, **Buddha taught mankind that there was no such thing as knowledge.**



Vice-Senior General Soe Win and dignitaries formally open Myanmar National Education Conference 2024.

Education can provide skill and qualifications required for existence, and can also develop intrinsic qualities, such as, thinking power, problem solving skills, critical thinking, creativity, and cooperation. A person with all those qualifications may find better job opportunities. Highly skilled and educated persons can get high salary jobs. **Hard working persons with creative power, high-level IQ, perseverance become successful in their career.** University, college and school friends can become associates. All should disseminate knowledge -- education is the key to success in every field among the public.

**The power of a nation depends on education.** Students with high-level IQ and five physical and intellectual qualifications are the strength and future of the nation. Parents care and nurture their children with love and kindness. When children reach school age, they start to attend classes at school. **Parents take care of them at home, and teachers do the same work at school.** So, teachers are the second parents of students.

**In Myanmar culture, teachers are loved and respected as infinite benefactors.** Teachers are honoured and recognized for their noble work of developing their students. The Myanmar society places teachers at the same level with parents and praised their invaluableness. **The benefactor mentors are urged to guide their students, with parental love, to become polite, clever and educated.**

As the majority of the people are middle-income earners, they rely on government education. Being trusted by the public, everyone is urged to place emphasis on nurturing all-round outstanding youths in their school education. Cultivating youths who are instilled with five strengths and qualifications and can be relied on by the country in the future rests on proper guidance of teachers.

In the basic education sector, the number of students increased from 5.3 million in the 2021-2022 academic year when schools were reopened in the post-Covid-19 period to more than 8 million in the 2023-2024 academic year. It was learnt that more than 7.3 million students have been admitted to school as of 21 June in the 2024-2025 academic year.



Senior General Min Aung Hlaing views an exhibit.

*See Page 13*


Senior General Min Aung Hlaing speaks at the opening of Myanmar National Education Conference 2024.

*From Page 12*

With the progress of global circumstances, everyone should at least complete middle-school education to lead a life. Therefore, the government has set an objective to help everyone to study up to KG+9 level education. To achieve the goal, local authorities, teachers, parents and elders are urged to make concerted efforts through organizing everyone and holding talks and supporting them to complete KG+9 level education as compulsory education, to enable all school-aged children and all primary school-aged children, whose rate of school admission is currently and temporarily low, to go to school.


Senior General Min Aung Hlaing views a product at an exhibit.


Senior General Min Aung Hlaing hears presentation at an exhibit.

On the other hand, it was found that school admission rates for middle-school and high-school had increased and their drop-out rates had decreased. It is urged that more learning opportunities including technical, agricultural and livestock breeding and vocational education be created for those who have passed middle school education or Grade 9.

The results of matriculation examinations for the 2024 academic year were announced on 11 June and 74,592 out of 128,820 students who took the exams passed matriculation, resulting in a 57.9 percent passing rate. Concerted efforts must be made to enable almost all those who passed the matriculation to acquire university education.

As ours is a country that has placed emphasis on agriculture and livestock breeding, a large number of experts who can manufacture agriculture and livestock breeding products are needed. Therefore, in the 2023-2024 academic year and 2024-2025 academic year, 85 technical, agriculture and livestock breeding high schools were opened in 84 districts. Those who have completed their middle school education can study at the high schools and they will be trained to acquire skills and qualifications required to manufacture value-added products needed in the market.


Attendees view documentary photos of activities of the Education Ministry.

In acquiring formal school education, there are essential factors such as proper schools, lecture rooms, classrooms, libraries, toilets, gymnasiums, sport grounds, infrastructures, teaching aids, teaching methods with the use of technologies, internet connections, drinking water supply, proper learning environment and characteristics of schools. Moreover, as the government believes that the education standards of the country will make progress within a short period if there are sufficient number of qualified teachers, refresher courses for teachers, modern curriculums, correctness of student-centered teaching methods, proper assessment systems, systematic management and provision of welfare, the government has given priority to education and has been exerting more efforts. If education officers, principals, parents, teachers and students themselves appreciate, preserve and promote the good reputation of their schools, the educational reputation of each school will surely spread to the entire country.

In making efforts for betterment of oneself, one's class, one's school and one's country in accordance with the four pledges of school councils, teachers are responsible for correctly shaping the morale, disciplines and education of students.

It is necessary for teachers to nurture students to possess fine spirits like being polite, clever, honest, sincere, sympathetic and proper manners like acting in accordance with public ethics and possessing the spirit of accountability and responsibility, respect for the time, habit of cooperation, striking balance between ego and altruism and patriotism.

To completely prevent bad manners like littering in one's classroom and school compound, writing on the surface of school table, chewing betel and smoking, students must be nurtured and instilled with the fine practice good citizens such as respecting and observing laws, rules and disciplines in accordance with the motto "National discipline starts at school."

I would also like to order them to develop and implement a plan to eliminate illiteracy for the literacy of the entire population, including the rural people, and to continuously open reading circles to promote reading, from the elimination of illiteracy to the elimination of those who do not read.

Learning higher education is not only for obtaining a degree, but also develops the socio-economic life of individuals and creates citizens who are rich in multi-faceted knowledge. It will be more beneficial for the country only if many graduates who are thoroughly educated in quality advanced sciences emerge.

Since the curriculum covering a field of study and subject in universities from the basic level to the advanced level is precisely defined and enacted, university students will be able to get the good basics of the subject they are studying and be able to understand it thoroughly.

University education can improve critical analysis skills, analytical skills, problem solving skills and collective action skills and in the future, skills and good habits that are very valuable to the country, will also be obtained for himself and the country.

Therefore, in order for university students in Myanmar's universities to have the opportunity to learn international quality higher education, the curricula have been reviewed and updated, and the number of training courses will be increased for the teachers to improve the quality. He would like to urge them to use teaching strategies effectively under the supervision of university professors and promote teaching and learning, the Senior General said.

We are clearly seen that the countries with the most educated citizens are the most developed countries. "Educated" citizens means "competence" and "most" means "quantity", so it is obvious that our country needs to become a country with a large number of qualified educators, and it is necessary to clearly implement an outcome-based education system to ensure quality.

*See Page 15*

# A Message from Member of the State Administration Council, Chairman of the Central Committee for Drug Abuse Control, and Union Minister for Ministry of Home Affairs, H.E. Lt. Gen. Yar Pyae during 2024 International Day Against Drug Abuse and Illicit Trafficking

## (June 26, 2024)

May all the citizens of the Republic of the Union of Myanmar be filled with happiness and joy.

Since the United Nations General Assembly designated June 26 as the International Day Against Drug Abuse and Illicit Trafficking (World Drug Day), it has been the 37th occasion that the celebrations have been commemorated in various countries around the world to promote cooperation and elimination of drug abuse.

The drug problem is emerging as a complicated challenge that is seriously affecting the lives of millions of people around the world. The production and trafficking of drugs is somehow related to transnational crimes of money laundering, arms smuggling and terrorism, which is seriously affecting the national security, stability and law and order. Drug use also greatly affects physical and mental health, and is causing a loss of human resources around the world.

The State Administration Council is accelerating the development of the country, in contrast, efforts also are being rendered from all sides to control the drug problem that hinders the development of the country.

Myanmar is severely facing challenges related to opium poppy cultivation, synthetic drug production and drug abuse. To address these issues, the Central Committee for Drug Abuse Control was systematically established various working groups and took its role as a national duty.

After evaluating the existing 1993 Narcotic Drugs and Psychotropic Substances Law to be in line with international standards and norms, it was amended and enacted on February 14, 2018. Similarly, the amendment of 1995 Rules relating to Narcotic Drugs and Psychotropic Substances was also announced on February 13, 2023. In addition, the National Drug Control Policy, which includes a multipronged approach was adopted and announced on February 20, 2018, and the National Drug Control Strategic Plan is also being developed.

In order effectively carry out our drug law enforcement activities, we have purchased and installed advanced modern detection equipment and are taking action to effectively identify drug trafficking activities. The Drug Enforcement Division under Myanmar Police Force has 11 sub-divisions and 71 task forces, and they are being deployed all over the country to carry out effective drug control measures.

In 2023, Myanmar has been a slight increase in illegal opium poppy cultivation. Therefore, the persuasion by Myanmar Military, Myanmar Police Force, and various departments to local ethnic communities in drug prevention efforts through educational activities has led to destruction a total of 6,181 acres of poppy fields during 2023-2024 opium poppy cultivation season. As for the opium alternative development activities, the implementation is continuously being carried out by the alternative development management sector, crops substitution sector and livestock breeding sector.

Even though opium cultivation and production were a major problem in Myanmar, but now, like any other country in the world, Myanmar is also severely faced with the production, trafficking and distribution of synthetic drugs. In order to reduce the production of synthetic drugs. Synthetic Drug Production reduction can only be achieved by effectively controlling the illegal entry of controlled precursors and non-controlled chemicals.

Therefore, Myanmar has prescribed 39 types of chemicals as controlled substances, and is conducting strict inspection to prevent any diversion of these chemicals. Likewise, we also communicating with foreign countries through the Pre-Export Notification (PEN) system for the export of precursors and to ensure that the chemicals don't get diverted anyway.

Since Myanmar cannot produce chemicals, but geographically, it is located among industrialized countries that produce chemicals and these precursors are illegally flowing into drug production sites from the border areas with various means. Even though some ethnic armed organizations in Myanmar have denied their involvement in drug activities, but in reality, they illegally import chemicals across the border into the areas they control by working together with foreign chemists to produce drugs.

While the State Administration Council is accelerating its fight against Drugs activities, it has been found that the terrorist insurgents are taking advantage of the current political instability to burn down towns and villages, expanding their force, destabilizing the areas where their ethnic groups live by carrying out destructive activities to cause economic decline and people are being denied access to education in cities and villages.

To ensure uninterrupted transportation and regional stability, to prevent and suppress illegal drug trafficking by terrorist insurgents and to prevent the smuggling of arms and ammunition, ethnic armed organizations that want peace, military personnel and Myanmar Police Force are working together with concerted efforts on security measures.

In terms of law enforcement measures, the country overall carried out 40 drug special operations from 2013 to 2024. In 2023, "Operation 39" was carried out on a nationwide scale, and since huge quantities of narcotic drugs and essential precursors used in drug production process were successfully seized, Operation 39/24 is also currently being carried out as well.

Despite the success of the prevention and suppression activities, effective punishments are set to be imposed on the main culprits caught and since some of the offenders have been found to be committing more crimes after being released from punishment, assets obtained from the defendants' drug offenses will be effectively confiscated as public funds.

As every seized drug and its related substances are burned during the commemoration of the International Day Against Drug Abuse and Illicit Trafficking on June 26th each year, over 936 billion Kyats worth of narcotic drugs and its related substances were burned in various places of Yangon, Mandalay and Taunggyi on June 26, 2023.

Recognizing that "prevention is better than cure". Drug risk prevention awareness activities were implemented for young students in high and elementary schools and out-of-school camps. In order for the entire public to be fully aware of the danger of drugs, awareness raising activities are being carried out by the five working groups of the Department of Information and Public Relations, Myanma Radio and Television News, press agency, Printing and Publishing, Public Relations and Psychological Operations Directorate with oriented approaches.

To provide treatment for individuals addicted to drugs and reduce subsequent risks, Myanmar has established 29 major clinics, 56 minor medical clinics and 90 methadone clinics across the country. They have given treatment to 26,595 drug addiction patients and 23,875 individuals were given methadone treatment in 2023. In order for the drug addicts to reintegrate back into the community, Ministry of Relief and Resettlement has established 14 rehabilitation centers and is continuously developing them as well.

Myanmar has been actively engaged in fighting against drugs activities in collaboration with neighboring countries, including the United Nations, ASEAN member states, Mekong regional countries, BIMSTEC member countries and international drug control agencies, the country has close ties with UNODC (United Nations Office on Drugs and Crime) based in Yangon, AFP (Australian Federal Police), DEA (Drug Enforcement Administration) NNCC (National Narcotics Control Commission) and ONCB (Office of Narcotics Control Board) by enhancing its existing cooperation mechanism.

Furthermore, in 2023, the country has successfully hosted 24th Myanmar-Thai Bilateral Meeting on Drug Control Cooperation, 44th ASEAN Senior Official Meeting on Drug Matters, and likewise in 2024, the country also hosted the 7th Myanmar-India DG Level Talks on Drug Control Cooperation, ASEAN Development Action Plans Workshop for ASOD Focal Points and 16th ASEAN Drug Monitoring Network Meeting. Thus, Myanmar itself is accelerating its concerted efforts on drug law enforcement activities with the international community as well.

Therefore, to mark this year's 37th International Day against Drug Abuse and Illicit Trafficking, all countries are entitled to carry out comprehensive preventive measures according to the theme "The Evidence is clear: invest in Prevention." sent by the United Nations Office on Drugs and Crime (UNODC).

As the national government is trying to increase its speed in various ways to prevent the danger of drugs that hinders peace and stability of the Union, rule of law, modern development, safe and smooth road communication, and I also urge all ethnic people to cooperate with oriented-balanced approach and assist with the strength of unity.

*From Page 13*

The Senior General said he want the teachers to teach and train the students to be active learning by using student-centered teaching and learning system for lessons, exercises, teaching methods and the processes that encourage innovative and creative skills.

When teachers and students use the research project-based teaching and learning system, teachers need to search in advance either from the library or internet to establish appropriate research project topics for each group of students. The Senior General said he would like to encourage them to establish a library culture in universities and to develop nationally beneficial research results so that only by using the internet to search and read, they can learn to collectively carry out the project successfully.

The Senior General said with best wishes that all the experts attending this conference will be able to read and discuss the 36 conference monographs that will be read and discussed with the aim of "Further promoting the development of human resources and education", and they will be able to formulate short-term and long-term business plans and implement them successfully in order to build a democratic country based on a federal system with well-educated intellectuals.

After that, artists from the Myawady Television under the supervision of Department of Information and Public Relations, Ministry of Information and Department of Arts under the Ministry of Religious Affairs and Culture, performed the songs “Sar Thin Kyaung Ka Khaung Laung Than” and “Phu Pwint Waisi, Ah Nar Gat Si”, and the musical drama “Education and Veracity”, which was watched and cheered by the Chairman of the State Administration Council, the Prime Minister and those attending the ceremony.

After that, Dr. Nyunt Pe, the Union Minister for Education and the Secretary of the Organizing Committee of the Myanmar Education Conference (2024) presented the Myanmar National Education Conference (2024) commemorative gift to the SAC Chairman.

After that, the SAC Chairman and those who attended the ceremony took a photo together.

After that, the SAC Chairman and those who attended the ceremony watched the displays of the Myanmar Education Conference (2024) commemorative galleries with interest.

The Myanmar Education Conference (2024) will be held until June 27 in cooperation with the Ministry of Education and other related ministries under the theme of “Promoting education for the development of human resources”.

100

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Ancient city walls and gates of Ketumati in Taungoo preserved for public viewing



An ancient gate of the ancient city of Ketumati.

**Bago June 25**

According to U Nyo Myint Tun, Deputy Director-General of the Department of Archaeology and National Museum, the ancient city walls, moats, and city gates of the old city of Ketumati in Taungoo Township, Bago Region, have been preserved and maintained for public viewing without compromising their original state.

The ancient cultural heritage sites, including the city walls, moats, and city gates of the old city of Ketumati in Taungoo, have been excavated, protected, and maintained. This preservation effort is funded by the Bago Region government, which has also facilitated the maintenance of the western city wall and nearby gate of the old city.

"We are currently maintaining the city wall and the Yodaya Gate near the painted gate of the old city of Ketumati in Taungoo with funds from the Bago Region government. These preservation efforts are aimed at preventing further deterioration of the walls and buildings that were established over 500 years ago by King Nyo," said U Nyo Myint Tun.

Additionally, it is reported that further measures will be taken to preserve the city walls, moats, and ancient structures of the old city of Ketumati in Taungoo, founded by King Maha Thiri Zeyathura (AD 1486-1531), as cultural heritage sites.

ASH

# Budalin Township farmers cultivate 4,258 acres of rain-fed sesame

**Budalin June 25**

A total of 4,258 acres of rain-fed sesame has been planted in Budalin Township, Monywa District, Sagaing Region in this year rain crops planting season, according to statistics from Department of Agriculture for Budalin Township.

In 2024-2025 rain crops planting season, 52,070 acres of rain-fed sesame have been earmarked to plant in Budalin Township. To date, 4,258 acres have been planted since May.

“We are working to meet the target of rain sesame cultivation. We are also providing services for the expansion of sesame acreage, good yield, and cultivation with GAP systems,” said U Phyo Wai, head of Department of Agriculture for Budalin Township.

The farmers who grow and produce using the GAP system will also have more benefits and improve their socio-economic lives as crops produced by GAP system have better quality than crops grown by other farming methods, getting a higher price and being able to export and sell not only in the domestic market, but also to foreign markets. 206

# Farmers reap some 4,000 acres of summer paddy in Kalay District

**Kalay June 25**

A total of 3,912 acres of summer paddy has been harvested in Kalay District of Sagaing Region, according to the statistics of Kalay District Agriculture Department.

In 2023-24 summer, local farmers harvested 342 acres of summer paddy in Kalay Township and 3,570 acres in Mingin Township, totalling 3,912 acres, with the yield of 84.95 baskets per acre.

U Aung, Head of Kalay District Agriculture Department, said: “The district harvested 3,912 acres of summer paddy this summer. Our department helped local farmers use agricultural techniques, prevent pests, minimize loss of crops and keep paddy under shelter in time.”

Farmers of the district planted 3,912 acres of summer in the district against the target of 3,925 acres.

Agricultural staff provided assistance for local farmers to use quality strains of crops, make natural fertilizers and grow monsoon crops in time.

As chemical fertilizer fetches high pieces, agricultural staff give training to local farmers to make natural fertilizers. 206



Summer paddy being harvested.



အစမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အထိမ်းအမှတ်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုကြစဉ်။





အစမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အထိမ်းအမှတ်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုကြစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

**ဒုတိယရင်နှင့်ဖြစ်**ကြောင်း၊ တစ်နည်းအားဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယမိဘများပင်ဖြစ်ကြကြောင်း။

**မြန်မာ့ယဉ်ကျေးမှုတွင် အနန္တောအနန္တ ဂိုဏ်းဝင် ဆရာသမင်ကျေးဇူးရှင်ဟု ဆရာကို အလေးအမြတ်ထားပြီး နှလုံးသွင်းချစ်ခင်ရိုသေကြ**ကြောင်း၊ တပည့်များကို ပညာပေးဝေသူ၊ ပညာဖြင့် တပည့်များ၏ဘဝကို ရှင်သန်စေသူဖြစ်သည့် ဆရာ၏မြင့်မြတ်လှသည့်ကျေးဇူးကို ဂုဏ်တင်အသိအမှတ်ပြုပြီး မိဘ၊ ဆရာကို တစ်ဂိုဏ်းတည်းထားကာ အာစရိယဂုဏော အနန္တော၊ ဆရာသမား၏ ဂုဏ်ကျေးဇူးသည် အဆုံးအပိုင်းအခြားမရှိဟုသတ်မှတ်လျက် လေးစားကြည်ညိုကြကြောင်း၊ ထို့ကြောင့် **ဆရာသမင်ကျေးဇူးရှင်များကလည်း မိဘသဖွယ်စိတ်ဝယ်ထားပြီး မိမိတပည့်များကို ပညာတတ်များဖြစ်လာအောင်၊ လိမ္မာယဉ်ကျေးသူများဖြစ်လာအောင် ဦးဆောင်လမ်းပြသင်ကြားပေး**ရန် တိုက်တွန်းလိုကြောင်း။

**ပြည်သူလူထုအများစုသည်** ဝင်ငွေအလယ်အလတ် အဆင့်ရှိသူများဖြစ်သည့်အတွက် **နိုင်ငံတော်၏ကျောင်းပညာရေးကိုသာ အားကိုးကြ**ကြောင်း၊ အများပြည်သူက ယုံကြည်အားကိုးကြသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းပညာရေးတွင် ပညာတော်၊ ပညာတတ်၊ ဘက်စုံထူးချွန်သည့် လူငယ်လူရွယ်များပေါ်ထွန်းလာစေရေးကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့် ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်မှာ ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုကောင်းမွန်ရေးအပေါ်မှာ တည်မှီနေကြောင်း။

အခြေခံပညာကဏ္ဍတွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၅ ဒသမ ၃ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ရှစ်သန်းကျော်ထိ တိုးတက်လာခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဇွန် ၂၁ရက်ထိ ကျောင်းအပ်နှံသူ ၇ ဒသမ ၃ သန်းကျော်ရှိပြီဟု သိရကြောင်း။

**ဖြစ်ပေါ်တိုးတက်နေသည့် ကမ္ဘာ့အခြေအနေများအရ လူ့ဘဝရပ်တည်ရန်အတွက် လူတစ်ယောက်သည် အနည်းဆုံး အလယ်တန်းပညာအဆင့်ထိ တတ်သင့်**ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် လူတိုင်း KG+9 ထိ ပညာသင်ကြားရန် ဦးတည်ချက်ချမှတ်ထားကြောင်း၊ အဆိုပါ ဦးတည်ချက် ပေါက်မြောက်အောင်မြင်ရန် လူတိုင်း KG+9 ထိ ပြီးမြောက်အောင်မြင်ရေးအတွက် မသင်မနေရသင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ အထူးသဖြင့် အခိုက်အတန့်ကျောင်းအပ် လျော့နည်းနေသည့် မူလတန်းအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ရှင်းပြခြင်း၊ အားပေးပံ့ပိုးခြင်း နည်းလမ်းအသွယ်သွယ်ဖြင့် စဉ်ဆက်မပြတ်ဆက်လက်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခု ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ရာတွင် တစ်နိုင်ငံလုံး ဖြေဆိုသူဦးရေ ၁၂၈၈၂၀ ရှိခဲ့ပြီး ၇၄၅၉၂ ဦး အောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉ ဖြစ်ကြောင်း၊ အောင်မြင်သူအားလုံးနီးပါး အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေး ဝိုင်းဝန်းကြိုးစားတိုက်တွန်း ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

**မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားသည့် နိုင်ငံဖြစ်သည့်အတွက် စနစ်ကျသောစိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သော ကုန်ထုတ်လုပ်မှုများ ပြုလုပ်နိုင်ရန် ကျွမ်းကျင်သူ များစွာလိုအပ်**ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ခရိုင် ၈၄ ခုတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါ ကျောင်းများတွင် အလယ်တန်းအဆင့်ပြီးသူများ တက်ရောက်နိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များနှင့် ဈေးကွက်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုအရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း အလယ်တန်းနှင့် အထက်တန်းတွင် ကျောင်းဝင်နှုန်းတိုးမြင့်လာပြီး တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားလာသည်နှင့် ကျောင်းထွက်မှုနှုန်းလျော့နည်းသွားသည်ကိုလည်းတွေ့ရကြောင်း၊ အလယ်တန်းအဆင့် Grade 9 အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် သက်မွေးပညာရေးအပါအဝင် သင်ယူမှုအခွင့်အလမ်းများကို ယခုထက်ပိုမိုဖော်ထုတ်အားပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အတန်းပညာ တတ်မြောက်ရေးအတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်း၊ စာကြည့်တိုက်၊ သန့်စင်ခန်း၊ အားကစားရုံ၊ အားကစားကွင်း၊ အခြေခံအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှု၊ နည်းပညာအသုံးပြု သင်ကြားနည်းစနစ်များ ပံ့ပိုးမှု၊ အင်တာနက်ရရှိမှု၊ သောက်ရေသုံးရေ ရရှိမှု၊ သင်ယူမှုပတ်ဝန်းကျင်ကောင်းနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်မှု စသည်များနှင့် ပြည့်စုံရန်လည်းလိုအပ်ကြောင်း၊ ထို့ပြင် အရည်အသွေးရှိသည့် ဆရာအရေအတွက် လုံလောက်မှု၊ ဆရာအရည်အသွေးမြှင့်မွမ်းမံသင်တန်းများပို့ချမှု၊ သင်ရိုးညွှန်းတမ်းခေတ်မီမှု၊ ကျောင်းသားဗဟိုပြု သင်ကြားနည်းစနစ်များ မှန်ကန်မှု၊ စစ်ဆေးအကဲဖြတ်စနစ်ကောင်းမွန်မှု၊ စီမံခန့်ခွဲကြီးကြပ်မှုနှင့် သက်သာချောင်ချိရေးပံ့ပိုးမှု စသည်များသည် ဟန်ချက်ညီညီပြည့်စုံလုံလောက်မည်ဆိုပါက နိုင်ငံ၏ပညာရေးအဆင့်သည် အချိန်တိုအတွင်း တိုးတက်လာမည်ဟု ယုံကြည်သည့်အတွက် နိုင်ငံတော်က ပညာရေးကို ဦးစားပေးပြီး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ မိဘဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်ကလည်း မိမိကျောင်း၏ ကောင်းသည့်ဂုဏ်သတင်း ကျော်ကြားမှုများကို တန်ဖိုးထားထိန်းသိမ်း မြှင့်တင်နေကြမည်ဆိုပါက ကျောင်းတစ်ကျောင်းချင်းစီမှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပညာရေးဂုဏ်သတင်း သင်းပျံ့လာမည်မှာ မလွဲဧကန်ပင်ဖြစ်**ကြောင်း။

ကျောင်းကောင်းစီ ကတိသစ္စာလေးချက်နှင့်အညီ မိမိကိုယ်ကို၊ မိမိအတန်း၊ မိမိကျောင်း၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားကြရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်များပင်ဖြစ်ကြောင်း။

ယဉ်ကျေးလိမ္မာရန်၊ ရိုးသားဖြောင့်မတ်ရန်၊ စိတ်ထားဖြူစင်ရန်၊ ကိုယ်ချင်းစာစိတ်ရှိရန်၊ ပြည်သူ့နီတိနှင့်အညီ ပြုမူနေထိုင်တတ်ရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်ရှိရန်၊ အချိန်ကိုလေးစားရန်၊ စုပေါင်းဆောင်ရွက်တတ်ရန်၊ အတ္တပရမျှတရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိရန် စသည့် စိတ်ဓာတ်ကောင်းများနှင့် အမှုအကျင့်ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

**အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း** မိမိစာသင်ခန်းအတွင်း၊ မိမိကျောင်းဝင်းအတွင်း အမှိုက်ပစ်ခြင်း၊ စာသင်ခုံများအပေါ်တွင် ရေးခြစ်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းကအစ လုံးဝမပြုလုပ်ရန် ကျောင်းစည်းကမ်းလိုက်နာခြင်းမှအစပြုပြီး **ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် လေ့ကျင့်ပေး**သွားကြရမည်ဖြစ်ကြောင်း။

ကျေးလက်နေ ပြည်သူများအပါအဝင် ပြည်သူတစ်ရပ်လုံး စာတတ်မြောက်ရေးအတွက် စာမတတ်သူပပျောက်ရေးစီမံချက်ရေးဆွဲအကောင်အထည်ဖော်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းများစဉ်ဆက်မပြတ်ဖွင့်လှစ်ပေးခြင်းအားဖြင့် စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးအထိ တိုးချဲ့ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

**အဆင့်မြင့်ပညာရပ်များကို သင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခုရရှိရန်အတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံအသိဉာဏ်ကြွယ်ဝသည့် နိုင်ငံသားများ ပေါ်ပေါက်စေ**ကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရပ်များကို နှံ့စပ်စွာတတ်မြောက်ထားသည့် ဘွဲ့ရပညာတတ်များစွာ ပေါ်ထွက်လာမှသာ နိုင်ငံအတွက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်များတွင် ပညာရပ်နယ်ပယ်တစ်ခု၊ ဘာသာရပ်တစ်ခု၏ အခြေခံအဆင့်မှ တန်းမြင့်အဆင့်ထိ လွှမ်းခြုံသည့် သင်ရိုးညွှန်းတမ်းများ တိကျစွာသတ်မှတ်ပြဋ္ဌာန်းထားသည့်အတွက် တက္ကသိုလ်ကျောင်းသားများအနေဖြင့် မိမိသင်ယူလေ့လာသည့် ဘာသာရပ်၏ အခြေခံကောင်းများကိုရရှိပြီး နှံ့စပ်စွာနားလည်တတ်မြောက်နိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်ပညာရေးသည် ဆန်းစစ်ဝေဖန်မှုစွမ်းရည်၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုစွမ်းရည်၊ ပြဿနာကိုဖြေရှင်းသည့်စွမ်းရည်၊ စုပေါင်းဆောင်ရွက်မှုစွမ်းရည်တို့ကို မြှင့်တင်ပေးသည့်အတွက် အနာဂတ်တွင် မိမိအတွက်သာမက၊ နိုင်ငံအတွက်ပါ အလွန်တန်ဖိုးရှိသည့် စွမ်းရည်များ၊ အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတက္ကသိုလ်များတွင် တက္ကသိုလ်ကျောင်းသားများ နိုင်ငံတကာအရည်အသွေးမီ အဆင့်မြင့်ပညာကို လေ့လာသင်ယူခွင့် **စာမျက်နှာ ၁၉ သို့**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာအပေါ် မြန်မာနိုင်ငံ၏တုံ့ပြန်ချက်

**၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း နှစ်ဒါဇင်ကျော်နှင့်ပတ်သက်သော ဖော်ပြချက်များပါဝင်သည့် ၂၀၂၃ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအစီရင်ခံစာကို ၂၀၂၄ ခုနှစ် ဇွန် ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါအစီရင်ခံစာပါ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဖော်ပြချက်တွင် အတည်မပြုနိုင်သော သတင်းရင်းမြစ်များနှင့် အစိုးရကိုဆန့်ကျင်သည့် အုပ်စုများထံမှရရှိသော အချက်အလက်များအပေါ် အခြေခံထားသည့် အခြေအမြစ်မရှိသော တစ်ဖက်သတ်စွပ်စွဲချက်များနှင့် မမှန်ကန်သည့်ကိန်းဂဏန်းများပါဝင်သည်ကို တွေ့ရှိရသည်။ ထို့ပြင် အစီရင်ခံစာ၌ ချိုးဖောက်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူများနှင့်ပတ်သက်၍ ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသဖြင့် ထင်ယောင်ထင်မှားဖြစ်စေသည်။ ထို့ပြင် တပ်မတော်က ကျူးလွန်သည်ဟုစွပ်စွဲဖော်ပြထားသည့်စာရင်းတွင် လက်နက်ကိုင်အဖွဲ့အမျိုးမျိုး၏ ကျူးလွန်မှုများအားထည့်သွင်းထားသည်ကိုလည်းတွေ့ရှိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်အရ မြန်မာအစိုးရက အချက်အလက်များအား အစီရင်ခံစာမထုတ်ပြန်မီ ကြိုတင်ပေးပို့ခဲ့သော်လည်း ယင်းအချက်များကို အစီရင်ခံစာတွင် ထင်ဟပ်ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ပါဝင်သည့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ကလေးသူငယ်ဥပဒေ ၁၉၉၃ ကို ပြင်ဆင်အစားထိုးခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ ၂၀၁၉ တွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများကို အရေးယူအပြစ်ပေးရန် ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားအဖြစ် 4 Digits (1566) Helpline ဝန်ဆောင်မှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။

အရွယ်မရောက်သေးသူများအား စစ်မှုထမ်းစေသည်ဟူသောစွပ်စွဲမှုများနှင့်စပ်လျဉ်း၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကော်မတီသည် ကုလသမဂ္ဂစောင့်ကြည့်လေ့လာအစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (UN CountryTask Force on Monitoring and Reporting) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ်မှစ၍ CTFMR နှင့် အစည်းအဝေး စုစုပေါင်း ၅၈ ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် CTFMR ၏ စုံစမ်းချက်များအပေါ် အချက်အလက်အထောက်အထားများဖြင့် ပြန်ကြားလျက်ရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း CTFMR က စုံစမ်းသည့် အသက်မပြည့်သူဟု သံသယရှိသူ စုစုပေါင်း ကိုးဦးသာရှိခဲ့သော်လည်း ယခုအစီရင်ခံစာတွင် တပ်မတော်က ၂၀၂၃ ခုနှစ်အတွင်း အသက်မပြည့်သေးသူ ၁၁၀၂ ဦးကို စစ်မှုထမ်းစေခဲ့သည်ဟု ချဲ့ကားဖော်ပြထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာတွင်ပါဝင်သည့် အခြေအမြစ်မရှိသော စွပ်စွဲချက်များကို ကန့်ကွက်ပယ်ချပြီး အပြုသဘောဆောင်သော ချဉ်းကပ်မှုဖြင့် မျှတမှုရှိပြီး ယုံကြည်လက်ခံနိုင်သောအစီရင်ခံစာများကို ထုတ်ပြန်ရန်ကုလသမဂ္ဂအား တောင်းဆိုသည်။

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပ





**နေပြည်တော် ဇွန် ၂၅**

"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပညာရေးကို ပိုမိုမြှင့်တင်ပေး" ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို ဇွန် ၂၅ ရက်မှ ၂၇ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို‌ဌာန-၂ (MICC-II)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပညာရှင်ကြီးများ၊ ပညာရေးဝန်ကြီးဌာနနှင့်ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ပညာရေးဝန်ကြီးဌာနက အဓိကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် နယ်ပယ်အလိုက်၊ လုပ်ငန်းသဘာဝအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့်အတွက် ယခုကျင်းပသည့်ညီလာခံတွင် ဝန်ကြီးဌာန ၁၁ခု ပူးပေါင်းညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင်ကျင်းပသည့် ပညာရေးညီလာခံတွင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက စာတမ်းများဖတ်ကြားတင်သွင်းဆွေးနွေးကြမည်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းအရွယ်မှ လုပ်ငန်းခွင်ဝင်မည့်အရွယ်ထိ လူငယ်လူရွယ်များကို အဘက်ဘက်က ပြည့်စုံစေရန် ကြိုးစားသင်ကြားပေးလျက်ရှိရာ လိုအပ်ချက်၊ လစ်ဟာချက်များရှိခဲ့ပါက ယခုကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးက ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များက ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ကဏ္ဍအလိုက် ရေတိုရေရှည်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးက သဘာပတိအဖြစ်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တွဲဖက်သဘာပတိများအဖြစ်လည်းကောင်း ဆောင်ရွက်ကြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အခြေခံပညာကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အဆင့်မြင့်ပညာကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးနှင့်ပညာလေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဉာဏ်ဝင်းသန်းက သက်မွေးပညာကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဦးအောင်သိုက်ထွန်းက ဆရာအတတ်ပညာကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူက သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)၌ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ခင်းကျင်းပြသထားသည့် ပညာရေးပြခန်းများသို့ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးမိသားစုများ လာရောက်ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကို ဇွန် ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ရရှိစေရန်အတွက် သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်မွမ်းမံခဲ့သကဲ့သို့ ဆရာ၊ ဆရာမအရည်အသွေးမြှင့် မွမ်းမံသင်တန်းများ တိုးမြှင့်ဖွင့်လှစ်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ သင်ကြားရေးနည်းဗျူဟာများကို တက္ကသိုလ်ပါမောက္ခများ၏ကြီးကြပ်မှုနှင့် ထိရောက်စွာအသုံးချပြီး သင်ကြားသင်ယူမှုကို မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ကြ**မည်ဖြစ်ကြောင်း၊ **"ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်"ကိုဆိုလို**ကြောင်း၊ ထို့ကြောင့် **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များအရေအတွက် အများကြီးရှိသည့် နိုင်ငံဖြစ်လာရန် လိုအပ်သည်မှာ ပေါ်လွင်ထင်ရှားနေ**ကြောင်း၊ အရည်အသွေးအာမခံမှုရှိစေရန် ရလဒ်အခြေပြုပညာရေးစနစ် (Outcome-based Education) ကို ပီပြင်စွာအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

ကျောင်းသားဗဟိုပြု သင်ကြားသင်ယူမှုစနစ်ကိုကျင့်သုံးပြီး ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်ဖန်တီးမှုစွမ်းရည်များကို အားပေးသည့် သင့်တော်မည့် သင်ခန်းစာများ၊ လေ့ကျင့်ခန်းများ၊ သင်ကြားနည်းစနစ်များ၊ လုပ်ငန်းစဉ်များကို ရွေးချယ်အသုံးပြုပြီး ကျောင်းသားများ၏ နိုးကြားတက်ကြွသည့် Active Learning ဖြစ်အောင် သင်ကြားလေ့ကျင့်ပေးစေလိုကြောင်း။

ထိုသို့ဆောင်ရွက်သည့်နေရာတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများပါ သုတေသနပရောဂျက်အခြေပြုသင်ကြားသင်ယူမှုစနစ်ကို ကျင့်သုံးကြသည့်အခါ ကျောင်းသား၊ ကျောင်းသူအုပ်စုတစ်ခုချင်းစီအလိုက် သင့်တော်မည့်သုတေသနပရောဂျက်ခေါင်းစဉ်များကို ချမှတ်ပေးနိုင်ရန် ဆရာ၊ ဆရာမများကိုယ်တိုင်က စာကြည့်တိုက်မှဖြစ်စေ၊ အင်တာနက်မှဖြစ်စေ ကြိုတင်ရှာဖွေရန်လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပရောဂျက်ပြုလုပ်ရာတွင်လည်း စာကြည့်တိုက်များ၊ အင်တာနက်များကို အသုံးပြုပြီး ရှာဖွေလေ့လာဖတ်ရှုမှသာ ပရောဂျက်ကို အောင်အောင်မြင်မြင်ဖြင့် စုပေါင်းဆောင်ရွက်တတ်အောင် တက္ကသိုလ်များတွင်လည်း စာကြည့်တိုက်ယဉ်ကျေးမှုကို ထူထောင်ကြရန်နှင့် နိုင်ငံအကျိုးပြု သုတေသနရလဒ်များ ဖော်ထုတ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်သွားနိုင်ရန် ယခုညီလာခံကို တက်ရောက်လာသည့် ပညာရှင်များအားလုံးက **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ဆိုသည့် ဦးတည်ချက်နှင့် ဖတ်ကြားဆွေးနွေးကြမည့် ညီလာခံစာတမ်း ၃၆ စောင်အပေါ် အခြေပြုညှိနှိုင်းဆွေးနွေး အဖြေရှာကာ ရေတိုရေရှည်လုပ်ငန်းအစီအမံများ ချမှတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များက "စာသင်ကျောင်းက ခေါင်းလောင်းသံ" တေးသီချင်း၊ "ဖူးပွင့်ဝေဆီ အနာဂတ်ဆီ" တေးသီချင်းနှင့် "ပညာနှင့် သစ္စာ" တေးဂီတ ကဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အထိမ်းအမှတ်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို **"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး"**ဟူသည့် ဦးတည်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးဆိုင်ရာ အခြားဆက်စပ်ဝန်ကြီးဌာနများ အတူတကွ ပူးပေါင်း၍ ဇွန် ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာ

**၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူနိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက် မေတ္တာဆုမွန် ကောင်းတောင်းလိုက်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့(ကမ္ဘာ့မူးယစ်ဆေးဝါးနေ့)အဖြစ် သတ်မှတ်ခဲ့သည့် အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှု ကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ၃၇ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော လူနေမှုဘဝများကို ဆိုးရွားစွာထိခိုက်နစ်နာစေသည့် ဘက်ပေါင်းစုံ စိန်ခေါ်မှုတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိပါသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပြီး ကမ္ဘာတစ်ဝန်း လူသားအရင်းအမြစ် ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ခေတ်နှင့်လျော်ညီစေရန် ပြန်လည်သုံးသပ်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အလားတူ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေကိုလည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ဘက်ပေါင်းစုံ ချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းသုံး အဆင့်မြင့်ခေတ်မီရှာဖွေရေးကိရိယာများ ဝယ်ယူတပ်ဆင်ကာ မူးယစ်ဆေးဝါး သယ်ဆောင်မှုများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စု တို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ကြက်နေရာချထားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချနိုင်ရန်အတွက် ဘိန်းစိုက်ရာသီအတွင်း တပ်မတော်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆက်စပ်ဌာနဆိုင်ရာများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂၀၂၃-၂၀၂၄ ခုနှစ် ဘိန်းစိုက်ပျိုးရာသီအတွင်း ဘိန်းခင်း ၆၁၈၁ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။ ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးအဖွဲ့တို့မှ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ယခင်က ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုပြဿနာကို ဆိုးရွားစွာရင်ဆိုင်နေရပါသည်။ လူလုပ်မူးယစ်ဆေးဝါး(Synthetic Drug) ထုတ်လုပ်မှုလျှော့ချရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်လာမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်မှသာ ထုတ်လုပ်မှုလျော့ကျနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်လျက်ရှိပြီး ဓာတုပစ္စည်းများ လမ်းလွှဲမရောက်ရှိစေရေးအတွက် အဆင့်ဆင့်စစ်ဆေးကြပ်မတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပနိုင်ငံများမှ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေးနှင့် လမ်းလွှဲမရောက်ရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဓာတုပစ္စည်းတင်ပို့ရောင်းချသည့် ပြည်ပနိုင်ငံများနှင့် ပို့ကုန်ကြိုတင်သတင်းပေး(**Pre-Export Notification, PEN**) စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဓာတုပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပထဝီအနေအထားအရ စက်မှုဖွံ့ဖြိုးပြီး ဓာတုပစ္စည်းထုတ်လုပ်သည့်နိုင်ငံတို့အကြား တည်ရှိနေသည့်အတွက် နယ်စပ်ဒေသများမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးနှင့် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုနေသော်လည်း လက်တွေ့တွင်မူ ၎င်းတို့ထိန်းချုပ်ရာ နယ်မြေများ၌ ဓာတုပစ္စည်းများကို နယ်စပ်ဖြတ်ကျော် တရားမဝင်တင်သွင်းခြင်း၊ ပြည်ပမှ ဓာတုကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းပြီး မူးယစ်ဆေးဝါးထုတ်လုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုများအပေါ် အခွင့်ကောင်းယူပြီး အကြမ်းဖက်သောင်းကျန်းသူများက မြို့ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ အင်အားတိုးချဲ့ခြင်း၊ ၎င်းတို့တိုင်းရင်းသားများနေထိုင်ရာ ဒေသများ၌ မတည်မငြိမ်ဖြစ်အောင် အဖျက်လုပ်ငန်းများပြုလုပ်ခြင်းဖြင့် စီးပွားရေးကျဆင်းအောင်ဆောင်ရွက်ခြင်း၊ မြို့ရွာများ၌ ပညာသင်ကြားခွင့်မရအောင် ဆောင်ရွက်ခြင်းတို့အား ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း လမ်းပန်းဆက်သွယ်ရေးများ မပြတ်တောက်စေရေးနှင့် ဒေသတည်ငြိမ်ရေး အကြမ်းဖက်သောင်းကျန်းသူများ၏ တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်နေမှုကို တားဆီးနှိမ်နင်းရေးနှင့် လက်နက်၊ခဲယမ်းမီးကျောက်သယ်ယူမှုများကို တားဆီးနိုင်ရေးတို့အတွက် ငြိမ်းချမ်းရေးကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး လုံခြုံရေးနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ အကြိမ်ပေါင်း ၄၀ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း **Operation 39** အထူးစစ်ဆင်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရိကာဆာဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကို အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၂၄ ခုနှစ်တွင်လည်း **Operation 39/24** အထူးစစ်ဆင်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိနေသော်လည်း ဖမ်းဆီးရမိသည့် အဓိကတရားခံများကို ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးနှင့် အချို့တရားခံများမှာ ပြစ်ဒဏ်မှလွတ်မြောက်ပြီးနောက် ပြစ်မှုများထပ်မံကျူးလွန်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရသည့်အတွက် တရားခံများ၏ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာမှရရှိသည့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် ထိထိရောက်ရောက် သိမ်းဆည်းအရေးယူသွားမည်ဖြစ်ပါသည်။

ဖမ်းဆီးရမိမူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို နှစ်စဉ် ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တို့တွင် မီးရှို့ဖျက်ဆီးလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်၌ ငွေကျပ် ၉၁၆ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါသည်။

**"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်"** ဟူသည့်စကားအတိုင်း ကျောင်းသားလူငယ်များအတွက် အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေး လုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စသည့် အဖွဲ့အစည်းငါးခုဖြင့် မူးယစ်ဆေးဝါးပညာပေးရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးစွဲလူနာများ ကုသရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် ဆေးကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ခုနှင့် မက်သာဒုံးဆေးခန်း ၉၀ တို့ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးစွဲလူနာ ၂၆၅၉၅ ဦး အား ကုသပေးနိုင်ခဲ့ပြီး ၂၃၈၇၅ ဦးအား မက်သာဒုံးတိုက်ကျွေးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဖြတ်ပြီးသူများ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်းများ ၁၄ ခုကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC (United Nations Office on Drugs and Crime)၊ AFP (Australian Federal Police)၊ DEA (Drug Enforcement Administration)၊ NNCC (National Narcotics Control Commission)၊ ONCB (Office of Narcotics Control Board) တို့နှင့်လည်း ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း (၂၄)ကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကိုလည်းကောင်း၊ (၄၄)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း (၇)ကြိမ်မြောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးကိုလည်းကောင်း၊ ASOD (The ASEAN Senior Officials Meeting on Drug Matters) တာဝန်ခံများ၏ အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကိုလည်းကောင်း၊ (၁၆)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းကွန်ရက်အစည်းအဝေးကိုလည်းကောင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတကာနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ယခုနှစ် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး(UNODC)က ပေးပို့သည့်ဆောင်ပုဒ် **"The Evidence is clear : invest in Prevention" "မူးယစ်အန္တရာယ်ကင်းစင်ရေး၊ဘက်စုံကြိုတင်ကာကွယ်ပေး"** ဆိုသည့်အတိုင်း နိုင်ငံတိုင်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့ကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းအသွယ်သွယ်ဖြင့် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ဘက်ပေါင်းစုံက ပူးပေါင်းပါဝင်ကူညီပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃)သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းသားတစ်ဦးအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းကပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသားများအား တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီးနောက် ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီးတွင် သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းကျောင်းများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"စစ်မှုထမ်းရမယ်ဆိုတဲ့ ကန့်သတ်ချက်နဲ့ကိုက်ညီလို့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်အရ စိတ်ပါပြီးတော့ စာရင်းပေးပြီးတော့မှ ဒီကိုရောက်ရှိလာတာပါ။ ကျွန်တော် ဒီသင်တန်းပြီးဆုံးသွားရင်တော့ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်အောင် ပြီးရင် စည်းကမ်းတကျနဲ့လည်း နေထိုင်သွားမယ်။ ဒီသင်တန်းပြီးလို့ရှိရင် တာဝန်ကျတဲ့နေရာမှာ နိုင်ငံ့တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ပါမယ်"ဟု သင်တန်းသားတစ်ဦးက ပြောပြသည်။

"အမှတ်စဉ်(၂)မှာ စာရင်းသွားပေး



တယ်။ ဒါပေမဲ့ လူစာရင်းပြည့်သွားတဲ့အတွက် ကျွန်တော်တက်ရောက်ခွင့်မရခဲ့တာပါ။ အမှတ်စဉ်(၃)မှာ ကျွန်တော့်ဆန္ဒနဲ့ ကျွန်တော်ဝင်လာခဲ့တာပါ။ နိုင်ငံတကာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း အခုလိုပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းလိုက်တာ မြန်မာနိုင်ငံအတွက် အများကြီးအကျိုးရှိပါတယ်။ ကျွန်တော်တို့ ဘာသာ၊ သာသနာကို ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ အဲဒါကြောင့်မလို့ ကျွန်တော်တို့ အခုလိုသင်တန်းတက်ရောက်လာတာပါ။ နောင်လာတက်



မယ့် အမှတ်စဉ်တွေက ညီအစ်ကိုမောင်နှမတွေကိုလည်း ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်" ဟု သင်တန်းသားတစ်ဦးက ပြောပြသည်။

"ရောက်ရှိလာတဲ့အချိန်မှာ ခံစားချက်ကတော့ အရမ်းကိုပျော်ရွှင်တဲ့ခံစားချက်ရရှိပါတယ်။ ကိုယ့်ရှေ့မှာလုပ်နေတဲ့ စီနီယာကြီးတွေကို ကြည့်ပြီးတော့ အားကျရပါတယ်။ လေးလည်းလေးစားရပါတယ်။ ဒီမှာရှိတဲ့ နည်းပြတွေအကုန်လုံးကလည်း ကိုယ့်ရဲ့ညီအစ်ကိုမောင်နှမ သွေးသားရင်းလိုမျိုးဂရုစိုက်တဲ့အတွက် အားလုံး အစစအရာရာ အဆင်ပြေပါတယ်ခင်ဗျာ။



ညီအစ်ကိုတို့ကိုပြောချင်တာကတော့ သူများကောလာဟလတွေကို လုံးဝမယုံဘဲနဲ့ ဒီမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ ဘယ်လိုအဆင်ပြေနေတယ်။ ဘယ်လိုပျော်ရွှင်နေကြတယ်ဆိုတာလေးကို သိစေချင်ပါတယ်ခင်ဗျာ။ လာရောက်မယ်ဆိုလို့ရှိရင်လည်း နွေးထွေးစွာ ကြိုဆိုနေပါတယ်ခင်ဗျာ"ဟု သင်တန်းသားတစ်ဦးက ပြောပြသည်။ **(၅၀၁)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆ ၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း၀၉-၂၀၀ ၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ယုံစားပုံမှားမိကြလို့ နေစရာပျောက်၊ ပင်စင်ပျောက်၊ လမ်းဘေးရောက်ခဲ့ကြရတဲ့ သစ္စာဖောက်နိုင်ငံ့ဝန်ထမ်းတွေရဲ့ ပကတိဘဝအခြေအနေ"** ခေါင်းစဉ်ဖြင့် ၂၆-၆-၂၀၂၄ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဓားပြတိုက်၊ သတ်ဖြတ်၊ ပြန်ပေးဆွဲလုပ်ရပ်များနဲ့ မစ္ဆရိယအမှောင်ဖုံးနေတဲ့ အကြမ်းဖက်သမားများရဲ့တော်လှန်ရေး"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေး ပြည်ကြီးတံခွန်မြို့နယ် 33/11 ကေဗွီ သင်ပန်းကုန်းဓာတ်အားခွဲရုံးဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်(၂)၊ ဌာနကြီးမှူးများ၊ ဒုတိယအထွေထွေမန်နေဂျာ၊ မန္တလေးခရိုင်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းဦးရေ ၁၆၀ တက်ရောက်ကြသည်။

ထို့နောက် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာကြသူများက မန္တလေး ပြည်ကြီးတံခွန်မြို့နယ် 33/11ကေဗွီ သင်ပန်းကုန်းဓာတ်အားခွဲရုံးဝင်းအတွင်း သတ်မှတ်နေရာအသီးသီး၌ သရက်၊ ပိန္နဲ၊ မာလကာ၊ ကျွန်း၊ ပျဉ်းကတိုး၊ မည်စည်၊ သပြေဘူတ စသည့် ပျိုးပင် ၈၅ ပင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (၁၅၂)



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှု ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်း တံခွန်စိုက် ဖလားရရှိသည့် အသင်းကို တံခွန်စိုက် ဆုဖလားပေးအပ် ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၂၅**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ရေဝတီရေတပ်စခန်းဌာနချုပ်အသင်းနှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက်ဆုရရှိသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဆုဖလားနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက်ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် မေ ၂၇ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများကို ကံစမ်းမဲဖောက်ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဇွန် ၂၅**

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်တွင် အာမခံထားရှိသူများအနက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများအား ကံစမ်းမဲဖောက်ပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပရာ အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် တာဝန်ရှိသူများ၊ အာမခံထားရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက လက်ရှိဆောင်ရွက်နေသော အာမခံအမျိုးအစားများအကြောင်းနှင့် ကံစမ်းမဲဖွင့်ဖောက်သည့် စနစ်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများအား ကံစမ်းမဲဖွင့်ဖောက်ခြင်းကို ကျင်းပရာ တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ကံစမ်းမဲဖွင့်ဖောက်ပေးခဲ့ပြီး ကံထူးရှင်အမည်စာရင်းများကို ကြေညာသည်။

အဆိုပါ ကံစမ်းမဲဖွင့်ဖောက်ပေးရာတွင် ကံစမ်းမဲနှိုက်သည့်စနစ်အား ကွန်ပျူတာဆော့ဝဲလ်နည်းပညာဖြင့် မဲဖောက်ဆောင်ရွက်ခြင်းဖြစ်ပြီး ကံစမ်းမဲချီးမြှင့်ငွေကျပ်သိန်း ၁၂၀၀နှင့် ညီမျှသော ဆုမဲများဖြစ်သည့် လျှပ်စစ်ဆိုင်ကယ်၊လျှပ်စစ်စက်ဘီး၊စက်ဘီး (ရိုးရိုး)၊ **Samsung Tablet**နှင့် ဖုန်းအမျိုးအစား အမျိုးမျိုးတို့ကို မဲဖောက်ချီးမြှင့်ခြင်းဖြစ်ကာ ကံစမ်းမဲပေါက်သည့် ကံထူးရှင်များကို ဆက်သွယ်အကြောင်းကြားဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်အနေဖြင့် အသက်အာမခံအမျိုးအစား ၂၀ မျိုးကို ဆောင်ရွက်ပေးလျက်ရှိပြီး အထွေထွေအာမခံလုပ်ငန်းဝန်ဆောင်မှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက **E-mail ; aungmyintmohmin2013@gmail.com**နှင့် ၀၉-၄၂၄၄၄၆၆၆၁၊ ၀၉-၄၂၄၄၄၆၆၆၂၊ ၀၉-၄၂၄၄၄၆၆၆၃ တို့သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (၅၀၁)

**"နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။"**

# လွိုင်ကော်မြို့ ဒေါ်တမရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ဆရာမများကို ဆန်၊ ဆီ၊ ဆားနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်

**နေပြည်တော် ဇွန် ၂၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်တမရပ်ကွက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆားနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ သဇင်ဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဆန်၊ ဆီ၊ ဆားနှင့် ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများအား လိုက်လံကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ကျောင်းသား၊ကျောင်းသူများ ပညာသင်ကြားနေမှုကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။

# စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို ဇွန် ၂၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မြသီတာကျေးရွာမှ ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် PDF အမည်ခံ အကြမ်းဖက်သမားများ ဇွန် ၂၃ ရက် ည ၁၀ နာရီတွင် ရောက်ရှိနေပြီး အင်အားစုဖွဲ့လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေသည့်နေရာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများရှိပြီး ထွက်ပြေးသွားခဲ့ကြောင်းနှင့်ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများက ဇွန် ၂၂ ရက်တွင်လည်း စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာမှ အပြစ်မဲ့ပြည်သူ တစ်ဦးကို ဖမ်းဆီးသတ်ဖြတ်သွားခဲ့ကြောင်း သိရှိရသည်။ တရားမဝင် ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# ရင်ထဲကငိုကြွေးသံ ဇာတ်လမ်းတွဲကို ဇွန် ၃၀ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇွန် ၂၅**

Shan Lay Movie Production က ရိုက်ကူးထုတ်လုပ်သည့် ရင်ထဲကငိုကြွေးသံ ဇာတ်လမ်းတွဲကို ဇွန် ၃၀ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ တင်အောင်ကျော်က ပြောပြ၍ သိရသည်။

ရင်ထဲကငိုကြွေးသံ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ရှမ်းလေးက ရေးသားထားပြီး စွမ်းပိုင်နှင့် မောင်သစ္စာတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ တင်အောင်ကျော်က Shan Lay Movie Production အတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ခါးသီးလှတဲ့လောကဓံတွေကြားမှာ ကြိုးစားရှင်သန်ရပ်တည်လာခဲ့ရတဲ့ မြနှင်းဆိုတဲ့ အမျိုးသမီးတစ်ယောက်၊ တတိယလူကြောင့် ဇနီးဖြစ်သူ မြနှင်းကို သစ္စာဖောက်ပြီး နောက်လူကို ရွေးချယ်ခဲ့ပြီးမှ နောင်တတွေ တပွေ့တပိုက်နဲ့ ကျန်ခဲ့ရတဲ့ တာရာဆိုတဲ့ လူတစ်ယောက်၊ မြနှင်းရဲ့ဘဝကို မနာလိုဖြစ်ကာ တာရာကိုချဉ်းကပ်ပြီး အိမ်ထောင်ရေးပျက်စီးအောင် လုပ်ခဲ့တဲ့တတိယလူ နိုရာ၊ မြနှင်းရဲ့အခက်ခဲဆုံး၊ အမှောင်မိုက်ဆုံး အချိန်မှာ အလင်းရောင်တစ်ခုလို မေတ္တာစစ်နဲ့ ရောက်ရှိလာတဲ့ အောင်ပြည့်ဖြိုးဆိုတဲ့ လူတစ်ယောက်၊ လူတိုင်းမှာ ဘဝဇာတ်ကြောင်းတွေ ကိုယ်စီရှိကြပေမဲ့ လဲကျရင်ပြန်ထ အဓိပ္ပာယ်ရှိတဲ့ကိုယ်ရဲ့ဘဝကို အကောင်းဆုံးပုံဖော်ဖန်တီးနိုင်တယ်ဆိုတာကို ဇာတ်လမ်းအချိုးအကွေ့များစွာနဲ့ ကြည့်ရှုရမဲ့ အချစ်ဒရာမာ ဇာတ်လမ်းကောင်းလေးတစ်ပုဒ်ပါ"ဟု ဒါရိုက်တာ တင်အောင်ကျော်က ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေမျိုးအောင်၊ မော်ကွန်းသစ်၊ ကြည်ဖြူအောင်၊ အထွယ်၊ ဧကရီမွန်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Avengers-5 စူပါဟီးရိုးဇာတ်ကား၌ မင်းသား ဘင်နီဒစ်ကမ်းဘားဘက် ပါဝင်မည်

**နယူးယောက် ဇွန် ၂၅**

မာဗယ်စတူဒီယို၏Avengers-5 စူပါဟီးရိုး ဇာတ်ကားသစ်တွင် Doctor Strange ဇာတ်ကောင်နေရာ၌ မင်းသား ဘင်နီဒစ်ကမ်းဘားဘက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

Avengers-5 ဇာတ်ကား၌ Doctor Strange ဇာတ်ကောင်အဖြစ် ပြန်လည်ပါဝင်လာမှုကို မင်းသား ဘင်နီဒစ်ကမ်းဘားဘက် ကိုယ်တိုင် အတည်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မင်းသား ဘင်နီဒစ်ကမ်းဘားဘက်သည် Avengers-5 ဇာတ်ကား ရိုက်ကူးမည့်ကာလကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

မင်းသား ဘင်နီဒစ်ကမ်းဘားဘက်၏အဆိုအရ Avengers-5 ဇာတ်ကားကို ၂၀၂၅ ခုနှစ်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Avengers-5 ဇာတ်ကားကို ၂၀၂၆ ခုနှစ်အတွင်း ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

လက်ရှိတွင် Avengers-5 ဇာတ်ကား ရိုက်ကူးမည့်ဒါရိုက်တာကို မာဗယ်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# အဆိုတော် ဟဲလေး၏ Cover Song သီချင်း Music Video သစ်များထွက်ရှိရန် စီစဉ်နေ

**ရန်ကုန် ဇွန် ၂၅**

အဆိုတော် ဟဲလေး၏ Cover Oke Project အဖြစ် Cover Song သီချင်း Music Video (MV) သစ်များ ဆက်တိုက်ထွက်ရှိရန် စီစဉ်နေကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုတော် ဟဲလေး၏ Cover Oke Project အဖြစ် အဆိုတော် ယွန်းမြတ်သူနှင့် တွဲဖက်သီဆိုသရုပ်ဆောင်ထားသည့် နှလုံးသားရဲ့နေရာတိုင်းမှာ Music Video (MV) သီချင်း၊ အဆိုတော် ပိုင်သစ်နှင့် တွဲဖက်သီဆို သရုပ်ဆောင်ထားသည့် I'am Oo Cover Song သီချင်း Music Video (MV) များ ထွက်ရှိထားပြီးဖြစ်ကြောင်း သိရသည်။

"ဒီဘက်ခေတ်မှာ Cover Song တွေ ခေတ်ပြန်စားလာလို့ပါ။ ကျွန်တော့်အနေနဲ့ အခုနောက်ပိုင်း အရင်တုန်းက အချို့သီချင်းတွေ ကောင်းပြီးတော့ နည်းနည်းမြုပ်နေတာလဲရှိတာပေါ့။ ဒီသီချင်းတွေကို ကိုယ်တိုင်လဲ သဘောကျတယ်။ သူငယ်ချင်းတွေကလဲ ပြန်ဆိုပေးဖို့ ပြောကြလို့ ပြန်ဆိုဖြစ်တာပါ။ ဒီသီချင်းတွေက သက်တမ်းကလဲ တအားရှည်တယ်။ ဘယ်တော့မှ



တိမ်ကောမှာလဲမဟုတ်ဘူး။ သီချင်းတွေ အများကြီးကြိုက်ခဲ့တာတွေလဲ ရှိပါတယ်။ ဒီဘက်ခေတ်လူငယ်တွေ ပြန်ဆိုတော့ အသစ်လေးလိုပြန်ဖြစ်သွားတာပေါ့။ ကိုယ်နဲ့လိုက်မယ်၊ ကိုယ် လက်လှမ်းမီသလောက်ပါ။ ကိုယ်နဲ့ မလိုက်ဖက်တဲ့သီချင်းကို ပြန်ဆိုရင်လဲ အဆင်မပြေဘူး။ ဒါက သီချင်းကိုဖျက်ဆီးသလိုဖြစ်သွားနိုင်ပါတယ်။ အနီးစပ်ဆုံး ကိုယ်နဲ့လိုက်မဲ့သီချင်းကိုပဲ ရွေးချယ်သီဆိုဖြစ်တာပါ"ဟု အဆိုတော် ဟဲလေးက ပြောပြသည်။

အဆိုတော် ဟဲလေး၏ Cover Oke Project အဖြစ် Cover Song သီချင်း Music Video အနေဖြင့် ဟန်းနီးမွန်းခရီး (၁)(၂) တို့ကို ယခုနှစ်မကုန်မီ ဆက်တိုက်ထွက်ရှိရန် စီစဉ်နေကြောင်း သိရသည်။

ASH

# မာဗယ်၏ Blade ဇာတ်ကားသစ်တွင် မင်းသမီး မီယာဂို့ သရုပ်ဆောင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၂၅**

မာဗယ်စတူဒီယိုက ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် Blade ဇာတ်ကားသစ်တွင် မင်းသမီး မီယာဂို့ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။


လက်ရှိတွင် Blade ဇာတ်ကား၌ သရုပ်ဆောင်ရေးအတွက် မာဗယ်စတူဒီယိုက မင်းသမီး မီယာဂို့နှင့် ဆက်သွယ်ဆွေးနွေးနေပြီး သဘောတူညီချက်ရရှိခဲ့ပါက Blade ဇာတ်ကားတွင် မင်းသမီး မီယာဂို့သည် မင်းသား မာဟာရှာလာအလီနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် လက်ရှိတွင် မာဗယ်စတူဒီယိုသည် Blade ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။

Blade ဇာတ်ကားရိုက်ကူးရေး စီမံချက်သည် ဇာတ်ညွှန်း မကြာခဏ ပြန်လည်ပြင်ဆင်ရေးသားရခြင်း၊ သရုပ်ဆောင်အပြောင်းအလဲများရှိခဲ့ခြင်း၊ ဒါရိုက်တာများ နုတ်ထွက်ခြင်း စသည့်ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသည်။

လက်ရှိတွင် မာဗယ်စတူဒီယိုသည် Blade ဇာတ်ကားအတွက် ဒါရိုက်တာတစ်ဦး ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# ကျောက်တံတားမြို့နယ် Lokanat Art Galleries တွင် Spontaneous 3rd Contemporary Art Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် Lokanat Art Galleries တွင် Spontaneous 3rd Contemporary Art Exhibition ပန်းချီပြပွဲ ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲကို ပါဝင်ပြသနေသည့် ပန်းချီ တင်ထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ Spontaneous 3rd Contemporary Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ တင်ထွန်း၊ ဝင်းမြင့်ဦး၊ ကိုသုတ၊ လှမြင့်မောင်၊ မောင်မောင်တင်ဦးတို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် ပန်းချီကားများကို ပြသပေးနေကြောင်း သိရသည်။

"3rd Contemporary Art Exhibition မှာ ပန်းချီဆရာငါးယောက်ရဲ့ မတူကွဲပြားတဲ့ အတွေး၊ အမြင်၊ ရေးချက်၊ ပြချက်တွေကို မြင်ရမှာဖြစ်ပါတယ်။ ပြပွဲကတော့ ဇွန် ၂၂ရက်ကနေ ဇွန် ၂၆ ရက်ထိ ပြသသွားမှာဖြစ်ပါတယ်"ဟု ပန်းချီ တင်ထွန်းက ပြောပြသည်။

Spontaneous 3rd Contemporary Art Exhibition ပန်းချီပြပွဲတွင် ပြသနေသည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ငါးသိန်းမှ အများဆုံးငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။ ASH



# အမွေ

စိမ်းလဲ့ဖြူ

(၁)

ကိုယ့်ဌာနထဲ ရောက်တာနဲ့ ပြတင်းပေါက်တံခါးတွေကို ဖွင့်ရင်း မနက်ခင်းလေနုအေးအေးလေးတွေကို တဝကြီး ရှူရှိုက်လိုက်မိတယ်။ မျက်လုံးကလေးကို မှိတ်လို့ ရုံးနောက်ဘက်က သံလွင်မြစ်ရေတသွင်သွင် စီးဆင်းကျသံကို နားထောင်ရင်း ပြုံးလိုက်မိတယ်။

"ဟင်"

မျက်လုံးဖွင့်လို့ ကြည့်လိုက်မိချိန် အံ့သြသွားတယ်။ ကျွန်မတို့ ရုံးနောက်ဘက် ပန်းခြံဆောက်နေတာမို့ မနက်အစောကြီးကတည်းက ပန်းရန်သမားတွေ အလုပ်လုပ်နေကြပြီလေ။ ကျွန်မအတွက် ဒါက အံ့သြစရာမဟုတ်ပေမဲ့ ကျွန်မအရွယ် ပိန်ပိန်သေးသေး ဆံပင်ရှည်ရှည် မိန်းကလေးသုံးယောက်ကို မြင်လိုက်ရတော့ သေချာကြည့်နေမိတယ်။ ဒီမိန်းကလေးသုံးယောက် ပန်းရန်အဖွဲ့ထဲမှာဘာတွေလုပ်နေပါလိမ့်လို့ ဆက်ကြည့်နေမိတယ်။

တစ်ယောက်က မြေကြီးထည့်ပေးလို့ နောက်တစ်ယောက်က လက်ဆွဲပုံးနဲ့ သယ်သွားပြီး အခြားတစ်ယောက်ဆီ ကမ်းပေးနေတာတွေ့လိုက်ရတယ်။ကျွန်မ သိလိုက်ပြီ။ သေချာတာကတော့ ဒီမိန်းကလေးသုံးယောက် မြေကြီးသယ်နေကြတာပဲ။

"ဩော်. . . ဘယ်လောက်တောင်များ ပင်ပန်းလိုက်လေမလဲ"

ထိုမိန်းကလေးသုံးယောက်ကိုကြည့်ပြီး စိတ်ထဲ တစ်မျိုးကြီးဖြစ်လာပေမဲ့လဲ ကျွန်မက ဘာများကူညီနိုင်မှာမို့လို့လဲ။ အတွေးလွန်နေချိန် တံခါးဖွင့်သံကြားလို့ လှည့်ကြည့်လိုက်တော့ စီနီယာမမတွေ လာကြပြီမို့ ကျွန်မလဲ ကိုယ့်ထိုင်ခုံနေရာမှာသာ ပြန်ထိုင်လိုက်မိတော့တယ်။

(၂)

"နေ့လယ်ခင်း နေပူတာနဲ့ ဟို မိန်းကလေး သုံးယောက်တော့ မနက်ဖြန် လာတောင် လာနိုင်ပါ့မလားပဲ"

စီနီယာမမရဲ့စကားသံကြောင့် စာရင်းတွက်နေရင်းနဲ့ ကျွန်မ အဲဒီမိန်းကလေးသုံးယောက်ကို သတိရသွားမိတယ်။ ခြေလှမ်းတွေကလဲ ကိုယ်တိုင်တောင် သတိမထားမိဘဲနဲ့ ပြတင်းပေါက်နား ရောက်ရှိသွားတယ်လေ။

ဟုတ်တာပေါ့ နေကလဲ ပူပြင်းလွန်းလှတာ။ ပန်းရန်အဖွဲ့ထဲမှာ မိန်းကလေးသုံးယောက် အခုချိန်ထိ မြေကြီးသယ်နေကြတုန်းပဲလေ။ တစ်ရက် တစ်သောင်းတဲ့။ မနက် ၇ နာရီကစ ညနေ ၅ နာရီထိ နေပူထဲမှာ အလုပ်ကြမ်း လုပ်နေရရှာတယ်။ ကျွန်မတို့လို ပိန်ပိန်သေးသေး ခန္ဓာကိုယ်နဲ့ အသက် ၂၀ကျော် အရွယ်လောက်ပဲ ရှိမယ်ထင်ပါတယ်။ သူတို့နဲ့ ကျွန်မခန္ဓာကိုယ်နဲ့ အသက် အရွယ်တူရဲ့သားနဲ့ နေပူနေရိပ် အလုပ်ကွာခြားမှုရဲ့ တစ်ခုထဲသောအရာက ပညာပဲလေ။ ငယ်ငယ်က မေမေပြောတဲ့စကား ကျွန်မနားထဲပြန်လည်ကြားယောင်လာတယ်။

"လူမှန်ရင် ဝမ်းစာအတွက် ကိုယ်တိုင် ရှာဖွေစားသောက်ရမှာပဲ။ အသက်ရှင်နေသရွေ့ ဝမ်းဗိုက်က ဗိုက်ဆာနေမှာပဲလေ။ ဗိုက်ပြည့်ဖို့အတွက် လူတိုင်း အလုပ်လုပ်ရမှာပဲ သမီးရဲ့။ ဒါပေမဲ့ အလုပ်လုပ်ရတာချင်းအတူတူ နေပူနေရိပ် ကွာခြားမှုတော့ ရှိတာပေါ့။ ပညာတတ်သူက နေရိပ်ထဲမှာ အလုပ်လုပ်ရပြီး ပညာမတတ်သူကတော့ နေပူထဲမှာ အလုပ်လုပ်ရတာ။ နွေဆိုလဲ နေပူထဲမှာ ချွေးတဒီးဒီးကျပြီး အသားတွေ ညိုမည်းတဲ့ထိ အလုပ်လုပ်ရသလို မိုးဆိုလဲ မိုးရေထဲမှာ စိုစိုရွှဲရွှဲနဲ့ ချမ်းတုန်တဲ့ထိ အလုပ်လုပ်ရတာလေ။ ဆောင်းဆိုလဲ ဆောင်းလေထဲမှာ မေးခိုက်အောင် အေးလွန်းလဲ အလုပ်လုပ်ရတာပဲ။ သမီးက အဲဒီလို နေပူထဲ၊ မိုးရေထဲ၊ ဆောင်းလေအေးအေးထဲမှာ အလုပ်လုပ်ချင်လားဟင်"

"ဟင့်အင်း သမီး မလုပ်ချင်ဘူး မေမေ"

"အဲဒီလို နေပူထဲမှာ မလုပ်ချင်ရင် နေရိပ်ထဲမှာ အလုပ်လုပ်ခွင့်ရအောင် သမီးက ဘွဲ့ရပညာတတ်ကြီး ဖြစ်အောင် စာကြိုးစားရမယ်နော်။ မေမေတို့ကိုပဲ ကြည့်လေ။ စာမတတ်တော့ နေပူမိုးရွာမရှောင် ဈေးဗန်းခေါင်းပေါ် ရွက်ဈေးရောင်းပြီး ဝမ်းစာရှာဖွေနေရတယ်။ ပညာကလဲမတတ် ဆင်းရဲသားလဲ ဖြစ်တော့ သမီးကို ပေးစရာအမွေ ပစ္စည်းဥစ္စာမရှိဘူးကွယ်။ ဒါကြောင့် မေမေတို့က သမီးလေး နေရိပ်ထဲမှာ အလုပ်လုပ်ခွင့်ရအောင် ပညာအမွေပေးချင်တာ။ သမီးက ကြည်ကြည်ဖြူဖြူ လက်ခံတဲ့အနေနဲ့ ဘွဲ့ရပညာတတ်ဖြစ်အောင် စာကြိုးစားရမယ်နော်"

"ဟုတ်ကဲ့ မေမေ"

အဲဒီအချိန်တုန်းက ကလေးသဘာဝ ဟုတ်ကဲ့လို့သာ ပြန်ပြောလိုက်ပေမဲ့ အဓိပ္ပာယ်ကို သေချာနားမလည် သဘောမပေါက်ခဲ့ဘူး။ အခုတော့ သမီးသေချာနားလည်သွားပါပြီ မေမေရယ်။

(၃)

"အယ် မနေ့က ကလေးမတွေ မလာကြတော့ဘူးလား"

"ဒီနေ့ တူမလေးတွေကို ကျောင်းသွားအပ်ပေးမလို့တဲ့။ မနက်ဖြန်မှ လာကြမယ်တဲ့လေ"

စီနီယာမမတွေ စကားပြောနေတာကို ကျွန်မ နားထောင်ရင်း ခြေလှမ်းတို့က ပြတင်းပေါက်နားသွားကြည့်မိပြန်တယ်။ မနေ့က သူတို့သုံးယောက်ရဲ့လုပ်အင်အားကြောင့် မြေကြီးတစ်ပုံတော့ ကုန်သွားတယ်လေ။ ကျန်ရှိနေသေးတဲ့ မြေကြီးပုံတွေကို သူတို့ ထပ်သယ်ရအုံးမှာပဲ။ ခန္ဓာကိုယ်နဲ့ အသက်အရွယ်ချင်း တူပေမဲ့လဲ ကျွန်မကတော့ သူတို့လောက် ခံနိုင်ရည်ရှိမယ်မထင်ဘူး။ သူတို့ခမျာလဲ တစ်နေကုန်မြေကြီးသယ်ပြီး အိမ်ရောက်တဲ့အခါ ကိုယ်လက်တွေ ဘယ်လောက်တောင်များကိုက်နေလေမလဲ တွေးမိရင်း စိတ်မကောင်းဖြစ်နေမိတယ်။

ဝမ်းစာရှာဖွေရတာချင်းအတူတူ ပညာတတ်သူက နေရိပ်ထဲ ဦးနှောက်သုံးပြီး အလုပ်လုပ်နေရသလို ပညာမတတ်သူက နေပူထဲ လူအင်အားသုံးပြီး အလုပ်လုပ်နေရတယ်လေ။ ဆင်းရဲတာချင်းအတူတူ၊ အလုပ်လုပ်ရတာချင်းအတူတူ ပင်ပန်းတာတော့ ဘယ်တူပါ့မလဲ။ ပညာအမွေပေးခဲ့တဲ့ မာတာပီတ မိနဲ့ဖကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲနဲ့ ကျေးဇူးတင်နေမိတယ်။ ဘာလို့လဲဆိုတော့ မိဘတွေက ငယ်ရွယ်စဉ်ကတည်းက ပြုစုလုပ်ကျွေးခဲ့တဲ့အပြင် အခုလို မပင်မပန်း အလုပ်လုပ်လို့ရအောင် ပညာသင်ကြားပေးခဲ့တယ်လေ။

(၄)

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံနဲ့အတူ ရုံးရဲ့ဥယျာဉ်မှူးဦးလေးနဲ့ မြေကြီးသယ်တဲ့ မိန်းကလေးတစ်ယောက် အခန်းထဲဝင်လာကြတယ်။

"ယုရေ သူတို့ မနေ့က လုပ်အားခ လာထုတ်တာတဲ့"

"ခဏလေးနော် ထိုင်ကြလေ"

ကွန်ပျူတာရိုက်နေရင်းတန်းလန်း ဖြစ်နေတဲ့ စီနီယာမမက ခဏထိုင်စောင့်ခိုင်းလို့ ဦးလေးကတော့ ထိုင်လိုက်ပေမဲ့ အဲဒီမိန်းကလေးက မထိုင်ဘဲဘေးထောင့်မှာသာ ကပ်ပြီး မတ်တတ်ရပ်နေတယ်။ ကျွန်မ အခုမှ သူ့ကို အနီးကပ်မြင်တွေ့ခွင့်ရတော့တယ်။ အရင်နေ့ကဆို အပေါ်ထပ်ပြတင်းပေါက်ကနေပဲ ရုံးနောက်ဘက်က ပန်းရန်အဖွဲ့ကို အဝေးကနေ လှမ်းကြည့်နေရတယ်။ အခုတော့ မြေကြီးသယ်တဲ့ မိန်းကလေးကို သေချာတွေ့ရပြီလေ။ အလုပ်ကြမ်း လုပ်နေရတဲ့ မိန်းကလေးဆိုပေမဲ့လဲ ညိုချောလေးပါလား။ ကျွန်မတို့လို ဘွဲ့ရပညာတတ်ပြီး နေရိပ်ထဲမှာသာ အလုပ်လုပ်ခွင့်ရရင် ဒီမိန်းကလေး ဘယ်လောက်တောင်များ ဖြူနုပြီး လှနေလိမ့်မလဲ။ အခုတော့ ပညာအမွေမရှိတဲ့ မိန်းကလေးမို့ နေပူထဲမှာချည်း ဝမ်းစာရှာခဲ့ရတယ် ထင်ပါရဲ့။ ပါးနှစ်ဖက်က နေလောင်ဒဏ်ကြောင့် အညိုမည်းကွက် ဖြစ်နေတယ်လေ။

" လုပ်အားခက ဘယ်လောက်ပေးရမလဲ"

"သူတို့သုံးယောက်ဆိုတော့ သုံးသောင်းပေါ့"

ဦးလေးက သုံးသောင်းလို့ ပြောတာမို့ စီနီယာမမလဲ ပိုက်ဆံရေပြီး ကျွန်မကို ထပ်စစ်ခိုင်းတယ်လေ။

"သန္တာရေ ပြန်စစ်ပြီး ပေးလိုက်နော်"

ကျွန်မလဲ ဘဏ္ဍာရေးဌာနက ပိုက်ဆံမို့ သေချာစစ်ပြီး သူ့လက်ထဲ ထည့်ပေးလိုက်တယ်။ အဲဒီမိန်းကလေးက ကျွန်မကို ခေါင်းလေးညွှတ်ရင်း ပိုက်ဆံကို လှမ်းယူတော့ ကျွန်မ ပြုံးပြလိုက်မိတယ်။ သူ့ကို ပြုံးပြတော့ ဝမ်းသာသွားတယ် ထင်ပါရဲ့။ ကျွန်မကို ပြန်ပြုံးပြပြီး ခေါင်းကလေး တစ်ချက်ငုံ့သွားတယ်လေ။ ကြည့်ရတာ သက်တူရွယ်တူမို့ သိမ်ငယ်သွားတယ် ထင်ပါရဲ့။ ဟုတ်ပါတယ်လေ သူတို့လဲ ဒီလိုအရွယ်မှာ နေပူထဲ အလုပ်ကြမ်း ဘယ်လုပ်ချင်ပါ့မလဲ။ ကျွန်မတို့လို နေရိပ်ထဲမှာ နေချင်ရှာမှာပေါ့။ ကျွန်မနဲ့ သူတို့ကြား အလွှာချင်းခြားထားတဲ့ စည်းတစ်ခုက ပညာပဲလေ။ ပညာရှာရမဲ့အရွယ်မှာ ပညာမရခဲ့လေသလား။ ဒါမှမဟုတ် ကံကြမ္မာကပဲ ပညာရှာခွင့် မပြုခဲ့လေသလား။ ကျွန်မလဲ မသိတော့ပါ။

"ပိုက်ဆံ ပြန်စစ်ကြည့်နော်။ ပြည့်တယ်ဆို ဒီမှာ လက်မှတ်ထိုးသွားပေးအုံး"

အဲဒီမိန်းကလေးက ပိုက်ဆံ ပြန်စစ်ကြည့်ပြီး ပြည့်တယ်လို့ ပြောတော့ စီနီယာမမကလဲ လုပ်အားခ ထုတ်ပြီးသွားကြောင်း လက်မှတ်ထိုးခိုင်းတယ်လေ။ အဲဒီအချိန်ကျမှပဲ ကျွန်မလဲ သူ့နာမည် သိခွင့်ရတော့တယ်။

ရတနာမိုး တဲ့။ သိပ်ကို အဖိုးထိုက်တန်လွန်းတဲ့ အမည်လေး တစ်ခုပဲ။ ဒါပေမဲ့ နာမည်ကပဲ သူ့ ဘဝကို တင်စီးခဲ့လေသလား။ နာမည်နဲ့ မလိုက်ဖက်အောင်ပင် အလုပ်ကြမ်းလုပ်နေရတဲ့ဘဝ။ ကျွန်မ ဆုတောင်းပေးမိတယ်။ သူ့ဘဝတစ်လျှောက် ရတနာမိုးတွေ ရွာသွန်းဖြိုးမဲ့ အချိန်ကာလလေး ရောက်လာပါစေပေါ့။ နေရိပ်အောက် အလုပ်လုပ်ခွင့်ရအောင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပြီး ပညာအမွေပေးခဲ့တဲ့ ကျွန်မရဲ့ ကျေးဇူးရှင် မိဘတို့ကိုလဲ စိတ်ကရည်မှန်းကန်တော့လိုက်ရပါတော့တယ်။

# မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၂၅၄၆ ဧက ရိတ်သိမ်းပြီးစီး



**မြောင်းမြ ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၂၅၄၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းစိုက်ခင်းများကို မတ်လ ဒုတိယပတ်ကစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ၁၄၉၇၂ ဖူး ထွက်ရှိခဲ့ကြောင်း သိရသည်။

"ပြောင်းတွေကို တောင်သူတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ခရိုင်တစ်ခုလုံးအနေနဲ့ ဖူးစားပြောင်း ၂၅၄၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ လုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးထားပါတယ်။ တောင်သူ အသိပညာပေး လုပ်ငန်းတွေကိုလဲ အဆက်မပြတ် လုပ်ဆောင်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

**ကျော်ကျော်လင်း**

# စဥ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**စဥ့်ကိုင် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် အိုးထိန်းတောင်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၄ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဥ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဥ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဥ်အကြောင်းအရာတို့ကို ကျေးရွာသို့ချပြရှင်းလင်းခြင်း၊ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးခြင်းတို့ ပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏လုပ်ငန်းတာဝန်များနှင့် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာ သည့်ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

အိုးထိန်းတောင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို စီမံကိန်းရန်ပုံငွေကျပ် သိန်း၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဒေါ်ခင်မိမိအောင်ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာ၌ ခြင်းရက်လုပ်နည်းသင်တန်းဖွင့်

**ဒလ ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခြင်းရက်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ပျော်ဘွယ်ကြီးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်လင်းသန်းက ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုလို အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒလမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးရွှေလှိုင်က သင်တန်းသူများအနေဖြင့် သင်ကြားပေးမည့် ခြင်းရက်လုပ်နည်း ပညာများကို ကြိုးစားသင်ယူကြရန်ပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်စန်းစန်းနွဲ့က သင်ကြားပို့ချမည့် သင်ခန်းစာများကို ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်လင်းသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပံ့ပိုးပေးအပ်သည်။

အဆိုပါ ခြင်းရက်လုပ်နည်းသင်တန်းသို့ ဒလမြို့နယ်အတွင်းရှိ ပျော်ဘွယ်ကြီးကျေးရွာမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ခြင်းရက်လုပ်နည်းနှင့်သက်ဆိုင်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမများက ဇွန် ၂၄ ရက် မှ ၂၈ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

## ပန်းတိုင်လမ်းဝယ်

\- ရည်မှန်းရာ ပန်းတိုင်လမ်းသို့
ကိုယ်စီမြန်း လှမ်းစဥ်ဝယ်၊
ဇွဲသန်သန် မရွံ့မကြောက်နဲ့
လျှောက်ဖို့လိုမယ်၊
ခက်ခဲမှု မျိုးစုံရယ်
ကြုံဆုံဖွယ် ရှောင်မလွဲ၊
စိုးထိတ်ရာ ပယ်ဖျောက်ရှင်းလို့
လှမ်းနင်း ဝံ့ရဲ။

\- ကောင်းတစ်လီ ဆိုးတစ်လှည့်နဲ့
အတွန်းအနဲ့ ကြောင်းစုံလင်၊
ရင်ဆိုင်ကာ ကျော်လွှားဖြတ်ရင်း
ဆက်စပ်နွှယ်ငင်၊
ကြုံလာစမ်း အန်တုယှဥ်
ကြောက်စိတ်ဉာဥ် ဖယ်ကာဖျောက်၊
ဖြစ်ရမည် ဆန္ဒမြောက်ဖို့
ထွင်းဖောက်ရင်း လျှောက်။

\- ပန်းတိုင်ရယ် မဝေးလှ
တွေးဆရင်း ပြင်ဆင်ကာ၊
စိတ်ရှည် သည်းခံ မားမားရပ်မှ
ရလဒ်ကောင်း ထင်မှာ၊
အားငယ်စိတ် ကျောခိုင်းပါ
ကြောင်းကျိုးနှစ်ဖြာ ယုံကြည်မှန်း၊
စွမ်းစမြိုင် ခိုင်ကျည်မြဲရင်ပေါ့
"အနာခံ အသာစံ မလွဲပြီ" တဲ့
ရဲရင့်စွာ သန္နိဋ္ဌာန်စိတ်နဲ့
မမိုတ်မသုန် ဇွဲမာန်ဝင့်လို့ရယ်
(ကွယ်. . .)
အားမြင့် ဆက်လှမ်း။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

# လင်းခေးမြို့နယ် နမ့်ဆိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လင်းခေး ဇွန် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်ဆိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်နိုင်ဦး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ နမ့်ဆိုင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဖြစ်သည့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဦးစီးမှူးက လုပ်ငန်းကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

နမ့်ဆိုင်းကျေးရွာ၌ အလျားပေ ၃၀၊ အနံ ၁၈ ပေနှင့်အမြင့် ခြောက်ပေရှိ ရေဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉ ဒသမ ၈၆၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၆ဒသမ ၁၃၅ သန်း စုစုပေါင်းငွေကျပ် ၁၆ သန်းအသုံးပြု၍ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလနောက်ဆုံးပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နေလှန်းဆား ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နေလှန်းဆား ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော ဧပြီလအတွင်းက ဒေသထွက် နေလှန်းဆား ပိဿာချိန် ၇၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း နေလှန်းဆား ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ မေ ၁ ရက်ကနေ ၃၁ ရက်ထိ တစ်လအတွင်း ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချရာမှာလဲ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြောင်း လပွတ္တာမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် မုက္ကဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇွန် ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုက္ကဒိကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မုက္ကဒိကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၃၆၀ ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# လားရှိုးမြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**လားရှိုး ဇွန် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ပျဉ်ကျေးရွာအုပ်စု မန်ပျဉ်ကျေးရွာနှင့် ခေးနှင်းကျေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာများ၌ တာဝန်ရှိသူများ ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးမောင်မောင်ပြုံးက မန်ပျဉ်ကျေးရွာနှင့် ခေးနှင်းကျေးရွာများရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီရိမမစိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော မန်ပျဉ်ကျေးရွာနှင့် ခေးနှင်းကျေးရွာတို့ရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးစီကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ် သိန်း ၁၅၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာမှ ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရှိသန်းညွန့်**

# မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၇၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်

**စစ်ကိုင်း ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၇၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ်မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၇၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၉၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါး ၂၇၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ဖို့ အသိပညာပေးတာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှု မရှိစေဖို့ ရိတ်သိမ်းပြီးတဲ့ စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စပါး ဧက ၂၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၂၇၀၂ ဧက ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မြောင်မြို့နယ်တွင် နွေစပါးစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲ နည်းပညာများ၊ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်စေရန်၊ စီးပွားမျိုးများ စိုက်ပျိုးရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ညောင်လေးပင်မြို့နယ် သရက်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူလုပ်အားထည့်ဝင်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

သရက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ဂဝံမြေနီလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို စီမံကိန်းအတိုးရငွေကျပ် ၁၀၁ သိန်း၊ ကျေးရွာနေပြည်သူများ၏လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ပညာဂုဏ်မြင့်၍ ပြည်ဂုဏ်တင့်စေမည့်ပညာရေးညီလာခံ

**အာကာမောင်မောင်**

ဤကမ္ဘာလောကကြီးကို ပညာဖြင့် လွှမ်းခြုံထားပါတယ်။ အသိပညာ၊ အတတ်ပညာတွေထွန်းကားလာတာနဲ့အတူ ယှဉ်ပြိုင်မှုတွေလဲ မြင့်မားလာနေပါတယ်။ မြန်မာနိုင်ငံမှာတော့ ရှေးကပညာရှိကြီးတွေက ပညာကိုသုံးမျိုးခွဲခြား ပြသထားပါတယ်။ အမြင်အကြားကြောင့် တတ်သောပညာကို သုတမယပညာလို့ခေါ်ပါတယ်။ ကြံစည်ဆင်ခြင်စဉ်းစား၍ တတ်သောပညာကို စိန္တာမယပညာလို့ခေါ်ပါတယ်။ ကျင့်ကြံပွားများအားထုတ်၍သိသောပညာကို ဘာဝနာမယပညာလို့ခေါ်ပါတယ်။ လူအချင်းချင်း၊ နိုင်ငံအချင်းချင်း ယှဉ်ကြတဲ့အခါ ပညာသာလွန်သူက တိုးတက်နေမှာပါပဲ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကို ဘက်ပေါင်းစုံက တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံရေးအောင်မြင်ဖို့၊ စီးပွားရေးအောင်မြင်ဖို့၊ လူမှုရေးအောင်မြင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ကဏ္ဍပေါင်းစုံအောင်မြင်ဖို့ဆိုရင် ပညာဟာ အဓိကပါပဲ။ ပညာရည်မြင့်မားတဲ့ လူသားအရင်းအမြစ်တွေ ပေါ်ကြွယ်မှသာ နိုင်ငံတော်တည်ဆောက်ရေးမှာ ပိုမိုအကျိုးပြုလာနိုင်မှာဖြစ်ပါတယ်။ ပညာရေးကဏ္ဍမြင့်မားတိုးတက်ရေးလို့ဆိုလိုက်တာနဲ့ ဆရာ၊ ဆရာမတွေရဲ့အရည်အသွေး၊ အရည်အချင်းတွေ မြင့်မားနေဖို့ လိုအပ်သလို ကျောင်းသား၊ ကျောင်းသူတွေရဲ့ ကြိုးစားသင်ယူမှုကလဲ အရေးပါလှပါတယ်။ ဒါ့ပြင် သင်ကြားပေးမဲ့ ဘာသာရပ်တွေကလဲ ခေတ်နဲ့အညီဖြစ်နေဖို့ လိုအပ်လှပါတယ်။ ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းဖြင့် ကိစ္စရပ်တစ်ခုခုကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရပါမယ်။ ဒါကလဲ လုပ်ဆောင်သင့်တဲ့အရာဖြစ်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေး"ဆိုတဲ့ ဦးတည်ချက်နဲ့ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) မှာ ဇွန် ၂၅ ရက်ကနေ ၂၇ ရက်ထိ ကျင်းပနေပါတယ်။ ကျင်းပပေးတဲ့ရည်ရွယ်ချက်တွေကတော့ "တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ ပေါ်ထွန်းလာစေရန်၊ အရည်အသွေးပြည့်ဝသော ပညာတတ်များ မွေးထုတ်ပေးနိုင်ရန်၊ ထုတ်လုပ်မှုကို အားပေးသည့် သက်မွေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ် ပိုမိုအားကောင်းလာစေရန်"ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ကျင်းပနေတာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ အခုကျင်းပတဲ့ညီလာခံဟာ ဒုတိယအကြိမ် ကျင်းပတဲ့ညီလာခံဖြစ်ပါတယ်။ ယမန်နှစ်က မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)ကို မေ ၁၈ ရက်ကနေ ၂၀ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) မှာပဲ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့လမ်းညွှန်ချက်နဲ့အညီ "မြန်မာနိုင်ငံ၏အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး"ရည်ရွယ်ချက်နဲ့ ပညာရေးနဲ့ ဆက်စပ်ဝန်ကြီးဌာန ၁၁ ခု ပူးပေါင်းကျင်းပခဲ့တာဖြစ်ပါတယ်။ အနာဂတ်ပညာရေးပိုမိုတိုးတက်ကောင်းမွန်ဖို့၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ စဉ်ဆက်မပြတ်လုပ်ဆောင်နေရမဲ့ ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒါကြောင့် နှစ်စဉ်ပညာရေးညီလာခံကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနေတာဖြစ်ပါတယ်။

**❖ ပညာရေးဆိုင်ရာညီလာခံမှာ ပညာရေးတိုးတက်မြင့်မားရေးကို အဟန့်အတားဖြစ်နေတဲ့ အခက်အခဲတွေ၊ ပြဿနာတွေ စိန်ခေါ်မှုတွေကို စုပေါင်းဆွေးနွေးအဖြေရှာပြီး အနာဂတ်ပညာရေးတိုးတက်ကောင်းမွန်စေဖို့အတွက် ရှေ့လုပ်ငန်းစဉ်တွေ ညှိနှိုင်းသတ်မှတ်နိုင်ကြရမှာဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့ပညာရေးရလဒ်တွေနဲ့ ကောင်းမွန်တဲ့ပညာရေးအခြေအနေတွေရရှိစေဖို့ သက်ဆိုင်သူပညာရှင်တွေ ဝိုင်းဝန်းဆွေးနွေးကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ အားထုတ်မှုသာမကဘဲ ပြည်သူအားလုံးက ပညာရဲ့တန်ဖိုးသိရှိပြီး အားထုတ်ကြရမှာဖြစ်ပါတယ်။ ❖**

ပညာရေးမြှင့်တင်ခြင်းဟာ ပညာရှာမှီးသူပုဂ္ဂိုလ်တွေကိုသာမက လူ့အသိုင်းအဝိုင်းနဲ့မျက်မှောက် ကမ္ဘာကြီးတစ်ခုလုံးရဲ့အနာဂတ်ကို ပုံဖော်နေတာဖြစ်ပါတယ်။ လူငယ်လူရွယ်တွေ မိမိခြေထောက်ပေါ်မိမိ ရပ်တည်နိုင်ရေးအတွက် ပညာရေးနိမ့်ကျနေမှုကို ကုစားနိုင်မဲ့ နည်းလမ်းတွေကိုဖော်ထုတ်ပြီး ပညာရေးတိုးတက်အောင် မြှင့်တင်ပေးနိုင်မဲ့နည်းလမ်းတွေ ပေါ်ထွက်လာအောင် ဆွေးနွေးရေးဟာ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံတွေကျင်းပဖို့ ဖြစ်ပေါ်လာတဲ့အကြောင်းတရားဖြစ်ပါတယ်။ လူငယ်မောင်မယ်တွေအနေနဲ့ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုရှိနေဖို့ဆိုတာ သက်ဆိုင်ရာပညာရပ် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေမှသာ ယုံကြည်မှုရှိနေမှာဖြစ်ပါတယ်။ သေသေချာချာ ဂဃနဏမသိဘဲနဲ့ ယုံကြည်စိတ်ချမှုရှိနိုင်မှာ မဟုတ်ပါဘူး။ အလားတူပါပဲ၊ ဆရာ၊ ဆရာမတွေအပိုင်းကလဲ မိမိတို့သင်ကြားပို့ချပေးရမဲ့ ဘာသာရပ်ကို အကျွမ်းတဝင်တတ်မြောက်ထားမှသာ ပို့ချပေးတဲ့နေရာမှာ အဆင်ပြေမှာပါ။ ပညာရေးလို့ဆိုလိုက်တာနဲ့ မိဘတွေကလဲ ဝိုင်းဝန်းကူညီပေးကြရပါမယ်။ မိဘဆရာပူးပေါင်း ကလေးပညာကောင်းဆိုစကားနဲ့အညီ ထူးချွန်ထက်မြက်တဲ့ကလေးတွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၉)ရပ်ဖြစ်တဲ့ လူမှုရေးဦးတည်ချက်မှာ "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"လို့ ဖော်ပြထားပါတယ်။ အဲဒီဦးတည်ချက်တွေ အောင်မြင်ဖို့အတွက် ပညာရေးဆိုင်ရာလိုအပ်ချက်တွေ၊ အားနည်းချက်တွေ၊ အားသာချက်တွေကို သိမြင်အောင် ပညာရေးညီလာခံတွေကို ကျင်းပပေးတာပဲဖြစ်ပါတယ်။

နောင်လာနောက်သား မျိုးဆက်သစ်တွေရဲ့ အနာဂတ်ကိုပုံဖော်ရာမှာ စာသင်ကျောင်းတွေ၊ သင်ရိုးညွှန်းတမ်းအရည်အသွေးတွေ၊ ဆရာ၊ ဆရာမတွေရဲ့ ဘာသာရပ်တတ်ကျွမ်းမှုတွေ၊ သင်ကြားရေးကျွမ်းကျင်မှုတွေ၊ နာသုံးနာနဲ့ပြည့်ဝတဲ့ ဆရာ့ဂုဏ်နဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့အလုပ်အပေါ် ထားရှိတဲ့ သဘောထားတွေနဲ့ တန်ဖိုးထားမှုတွေက အရေးပါနေမှာဖြစ်ပါတယ်။ အရည်အသွေးရှိတဲ့ ပညာရေးကို သင်ကြားနိုင်ခွင့်ရရှိဖို့နဲ့ သင်ကြားသင်ယူမှုဝန်းကျင်ကောင်းတွေ ဖန်တီးပေးနိုင်ဖို့ နိုင်ငံတော်အနေနဲ့ ပညာရေးအသုံးစရိတ်တွေ နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးပြီး ပညာရေးကဏ္ဍမြင့်မားစေဖို့ အဘက်ဘက်ကနေ ပံ့ပိုးပေးထားပြီးဖြစ်တဲ့အတွက် ပညာရေးဝန်ထမ်းတွေကလဲ မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရမှာဖြစ်ပါတယ်။

ပညာရေးဆိုင်ရာညီလာခံမှာ ပညာရေးတိုးတက်မြင့်မားရေးကို အဟန့်အတားဖြစ်နေတဲ့ အခက်အခဲတွေ၊ ပြဿနာတွေ၊ စိန်ခေါ်မှုတွေကို စုပေါင်းဆွေးနွေးအဖြေရှာပြီး အနာဂတ်ပညာရေးတိုးတက်ကောင်းမွန်စေဖို့အတွက် ရှေ့လုပ်ငန်းစဉ်တွေ ညှိနှိုင်းသတ်မှတ်နိုင်ကြရမှာဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့ပညာရေးရလဒ်တွေနဲ့ ကောင်းမွန်တဲ့ ပညာရေးအခြေအနေတွေရရှိစေဖို့ သက်ဆိုင်သူပညာရှင်တွေ ဝိုင်းဝန်းဆွေးနွေးကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ အားထုတ်မှုသာမကဘဲ ပြည်သူအားလုံးက ပညာရဲ့တန်ဖိုးသိရှိပြီး အားထုတ်ကြရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ကြမှလဲ ပညာရေးရည်မှန်းချက်အောင်မြင်မှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်ရေးနဲ့ အနည်းဆုံး KG+9 ပြီးမြောက်ရေးကို မူဝါဒချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။ စာရင်းဇယားတွေအရ ကျောင်းသား၊ ကျောင်းသူတွေ တန်းစဉ်ကူးပြောင်းမှုနည်းပါးနေကြောင်း တွေ့ရတဲ့အတွက် ကုစားနိုင်မဲ့နည်းလမ်းတွေကို ဆွေးနွေးအဖြေရှာပြီး အနည်းဆုံး KG+9 ပြီးဆုံးသည်ထိ တက်ရောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ခရိုင် ၅၀ မှာ ပြီးခဲ့တဲ့နှစ်ဇွန်လကစတင်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်း အသစ်ဖွင့်လှစ်ပေးထားပါတယ်။ အဲဒီကျောင်းတွေမှာ သုံးနှစ်တက်ရောက်ပြီး လုပ်ငန်းခွင် ဝင်ရောက်နိုင်ကြမှာဖြစ်ပါတယ်။ အခုပညာသင်နှစ် ၂၀၂၄-၂၀၂၅ မှာလဲ အခြေခံညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၃၄ ကျောင်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်ထားပါတယ်။

မိမိတို့ဝါသနာပါရာကိုရွေးချယ်ပြီး တက်ရောက်နိုင်ဖို့ စေ့စေ့စပ်စပ် စီစဉ်ဆောင်ရွက်ပေးထားတာဖြစ်ပါတယ်။ ဒီကနေ့ခေတ်သစ် လူ့အဖွဲ့အစည်းမှာ ပညာတတ်မြောက်မှုက အလွန်အရေးကြီးလှပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေသုံးပုံတစ်ပုံက လူငယ်တွေဖြစ်ပါတယ်။ လူငယ်တွေပညာတတ်မြောက်မှုမြင့်မားမှသာ တိုင်းပြည်ရဲ့အနာဂတ်က ဖွံ့ဖြိုးသာယာနေမှာပါ။ ပညာတတ်မြောက်မှသာ အနာဂတ်နဲ့တည်ငြိမ်တဲ့ဘဝအတွက် အာမခံချက်ရှိလာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့အတွက် ပညာပြည့်ဝနှလုံးလှတဲ့ မျိုးဆက်သစ်လူငယ်တွေ တစ်နည်းဆိုရရင် ဗလငါးတန် ပြည့်ဝတဲ့လူငယ်တွေ အများကြီးပေါ်ပေါက်ဖို့လိုအပ်ပါတယ်။ ဒါကိုတော့ ပညာရေးကပဲ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ကျင်းပခြင်းအားဖြင့် ပညာရေးကဏ္ဍဟာ ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့ လမ်းကြောင်းပေါ်ကို ရောက်ရှိလာမှာဖြစ်ပါတယ်။

နိုင်ငံတော်အဆင့်ကျင်းပတဲ့ ပညာရေးညီလာခံဖြစ်တာနဲ့အညီ အောင်မြင်အောင် ဝိုင်းဝန်းဆွေးနွေးတာ၊ အကြံပြုတာ၊ ပညာရေးနဲ့ ဆက်စပ်ဝန်ကြီးဌာနတွေက စာတမ်းခေါင်းစီးတွေရွေးချယ်တာ၊ ဝန်ကြီးဌာနတွေအလိုက် စာတမ်းတွေဖတ်ကြားတာ၊ ပြခန်းတွေပြသတာ စတာတွေကို မြင်တွေ့ကြရပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)က ထွက်ပေါ်လာမဲ့ရလဒ်တွေဟာ မြန်မာနိုင်ငံပညာရေးတိုးတက်ကောင်းမွန်စေဖို့အတွက် အထောက်အကူဖြစ်စေပါတယ်။ ဒီနှစ် ကျင်းပတဲ့ပညာရေးညီလာခံမှာ အရင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့တဲ့ လုပ်ငန်းစဉ်တွေ ပြန်လည်သုံးသပ်ဆွေးနွေးတာ၊ Parallel Session တွေအလိုက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာ၊ ဆရာအတတ်ပညာနဲ့ သုတေသနနဲ့ တီထွင်ဆန်းသစ်မှုကဏ္ဍတွေအပြင် အရည်အသွေးအာမခံမှုဆိုတဲ့ကဏ္ဍသစ်တစ်ခုကို ထပ်တိုးထားပြီး စုစုပေါင်းကဏ္ဍကြီး ခြောက်ခုရှိမှာဖြစ်ပါတယ်။ ကဏ္ဍတစ်ခုချင်းစီအလိုက် စာတမ်းခြောက်ခုစီကို ဆွေးနွေးနေကြပြီး ကဏ္ဍကြီးခြောက်ခုအတွက် စာတမ်း ၃၆ စောင်ဖတ်ကြားမှာဖြစ်ပါတယ်။ အရင်နှစ်ပညာရေးညီလာခံမှာ ကဏ္ဍငါးခုအတွက် စာတမ်း ၄၂ စောင်ဖတ်ကြားခဲ့ပါတယ်။ စာတမ်းအရေအတွက် နည်းခြင်းများခြင်းထက် ရလဒ်ကောင်းတွေရရှိဖို့ ဦးတည်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အရင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့တဲ့ သုံးသပ်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရာမှာ အောင်မြင်အောင်ဆောင်ရွက်နိုင်မှုတွေနဲ့ ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းတွေရှိနေသလို အခုနှစ်ညီလာခံရဲ့ ဆွေးနွေးမှုရလဒ်တွေကိုလဲ ပြန်လည်သုံးသပ်ပြီး အနာဂတ်မျိုးဆက်သစ်တွေ ကောင်းမွန်တဲ့ပညာရေးရလဒ်တွေနဲ့ ကောင်းမွန်တဲ့ ပညာရေးအခြေအနေတွေရရှိစေဖို့ ဦးတည်ပြီး ဝိုင်းဝန်းဆွေးနွေးကြရမှာဖြစ်ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့ပညာရေးအဆင့်အတန်းတိုးတက်လာဖို့အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေတဲ့အချိန်မှာ ပညာရေးဝန်ကြီးဌာနနဲ့ ပညာရေးဆက်စပ်ဝန်ကြီးဌာနတွေအနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံမှာ မြန်မာနိုင်ငံရဲ့ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တက်ကြွစွာပါဝင်ဆွေးနွေးကြဖို့ဖြစ်ပါတယ်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ပါစေ၊ ရလဒ်ကောင်းတွေ ထွက်ပေါ်လာနိုင်ပါစေလို့ ဆန္ဒပြု ရေးသားလိုက်ရပါတယ်။

**ကိုးကား**

– ၁၃-၆-၂၀၂၄ ထုတ် သတင်းစာများ

# မြန်မာကို ကမ္ဘာကသိစေဖို့ (၄)

**လင်းလက်**

**ကုသိုလ်လည်းရ ဝမ်းလည်းဝ**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်ပညာသင်ကြား၍ စစ်မှုထမ်းကြရမည့် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်အတွက် ပေးဆပ်ရန် အသင့်ရှိနေကြသူများ ဖြစ်သဖြင့် ပြည်သူလူထု၏နှလုံးသားကို သိမ်းပိုက်နိုင်လိုက်ကြသူများသာဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းတက်နေကြသည့် မျိုးဆက်သစ်လူငယ်များသည် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ-၁၆ အရ စစ်မှုထမ်းဆောင်နေစဉ်အတွင်း တပ်မတော်တွင် သတ်မှတ်ထားသည့် အဆင့်အလိုက် လစာနှင့် စရိတ်အတိုင်း ခံစားခွင့်ရှိသည်။ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို ကာကွယ်ရင်းဖြင့် နိုင်ငံတော်က ချီးမြှင့်သည့် လစာနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသဖြင့် အများပြည်သူအကျိုးကိုသယ်ပိုးကာ မိမိအကျိုးကိုပါ ပြီးမြောက်စေသောလုပ်ရပ်တစ်ခုပင် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၃ အရ စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်ရှိသော နိုင်ငံသားတိုင်းအနေဖြင့် ၂၄ လ ထက် မပိုသည့် ကာလ၊ တပ်မတော်စက်မှုလက်မှုပညာသည်များအဖြစ် အမှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသူများအနေဖြင့် ၃၆ လ ထက် မပိုသည့်ကာလနှင့် ကျွမ်းကျင်သူများအနေဖြင့် ၃၆ လ ထက် မပိုသည့်ကာလအပိုင်းအခြားအတွက် စစ်မှုထမ်းရမည်ဖြစ်သည်။ သတ်မှတ်ထားသောကာလပြည့်သည်ထိ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသူ တစ်ဦးအနေဖြင့် ပုဒ်မ-၁၉ အရ မိမိသဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းလိုပါကလည်း သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စစ်မှုထမ်းဆောင်နိုင်ပြီး ပြည်သူချစ်သော တပ်မတော်သားဘဝကို ခံယူနိုင်သည်။ ပုဒ်မ-၂၀ အရ ပါရဂူဘွဲ့ရသူများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့ရသူများနှင့် အခါအားလျော်စွာ သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း စစ်မှုထမ်းဆောင်ရင်း တပ်မတော်ပြန်တမ်းဝင်အရာရှိဘဝကိုပါ ရရှိနိုင်သည်။

**မာယာပိုက်ကွန်မမိစေဖို့**

စည်းလုံးခြင်းသည် အင်အား ဆိုသည့် စကားနှင့်အညီ မြန်မာတစ်မျိုးသားလုံးက နိုင်ငံတော်ကာကွယ်ရေးအတွက် အဘက်ဘက်ကပေးဆပ်လိုသည့် စိတ်ဓာတ်များရှိနေသည်ကို မလိုလားသည့် ပြည်ပနိုင်ငံအချို့က သွေးခွဲစကားများဖြင့် တိုင်းရင်းသားအချင်းချင်း ရန်တိုက်ပေးနေကြသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် မျိုးဆက်သစ်လူငယ်များက ပြည်သူ့စစ်မှုထမ်းသင်တန်းသို့ သွားရောက်ရန် အသင့်ဖြစ်နေကြသည့် ကာလတွင် တပ်မတော်နှင့် ပြည်သူလက်တွဲ၍ အင်အားတောင့်တင်းသည့် နိုင်ငံတော်တစ်ရပ်ဖြစ်လာမည်ကို စိုးရိမ်နေကြသူများက အမျိုးမျိုးသွေးခွဲခြင်းအမှုကို ပြုနေကြသည်။ နိုင်ငံ တစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေးအတွက် ပါဝင်ပတ်သက်သူအားလုံးက လက်တွဲမဖြုတ်စတမ်း စည်းလုံးခြင်းစွမ်းအားရှိရမည်ဖြစ်သည်။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ်ကာလတွင် ဘုရားအလောင်းငုံးမင်းသည် ငုံးအပေါင်းခြံရံလျက် တောအုပ်တစ်ခုအတွင်းတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လျက်ရှိသည်။ တစ်နေ့တွင် မုဆိုးတစ်ဦးသည် ငုံးအပေါင်းတို့ရှိရာ အရပ်သို့ ရောက်လာပြီး ငုံးသံကဲ့သို့ အသံတုပြုကာ ငုံးအပေါင်းတို့ကိုစုဝေးစေပြီး ပိုက်ကွန်ဖြင့် ပစ်ကာ ဖမ်းဆီးလေသည်။ ထိုအခြင်းအရာကို ဘုရားအလောင်းသိသည့်အခါ ငုံးအပေါင်းကိုခေါ်ယူ၍ မုဆိုးပိုက်ကွန်မိနေသည့်အချိန်တွင် တစ်ညီတစ်ညွတ်တည်း ပိုက်ကွန်ကို ကိုက်ချီပျံသန်းကြပြီး ပိုက်ကွန်ကို နီးစပ်ရာဆူးချုံပေါ် သို့ချကာ အောက်မှနေ၍ ထွက်ပြေးကြရန် မှာကြားသည်။ ဘုရားအလောင်းငုံးမင်း စကားအတိုင်း စည်းလုံးညီညွတ်စွာဖြင့် ပိုက်ကွန်ကို ကိုက်ချီပျံသန်းကြသည့်အခါ မုဆိုး၏ပိုက်ကွန်လည်း ပျက်စီး၊ ငုံးအပေါင်းတို့လည်း သေဘေးမှ လွတ်ကင်းလေ၏။

စည်းလုံးညီညွတ်စွာဖြင့် ပိုက်ကွန်ကိုပါ ဖျက်စီးနိုင်သည့်ငုံးများကို ဖမ်းယူရန် မလွယ်ကူသည့်အခါ မုဆိုးသည် ငုံးအပေါင်းတို့ အချင်းချင်း မသင့်မမြတ်ဖြစ်ကာ ခိုက်ရန်ဖြစ်ပွားအားနည်းမည့်အချိန်ကို စောင့်၍ နေသည်။ တစ်နေ့တွင် ငုံးတစ်ကောင်က ကျန်ငုံးတစ်ကောင်၏ ဦးခေါင်းကို မတော်တဆနင်းမိသည်က စ၍ အချင်းချင်းရန်ပွားကာ စည်းလုံးညီညွတ်မှုပျက်စီးသွားသည့်အချိန်တွင် သေကျေပျက်စီးတော့မည်ကို သိသောကြောင့် ဆုံးမတော်မူရာ မရသဖြင့် ဘုရားအလောင်းငုံးမင်းက ယခုလို ခိုက်ရန်ဖြစ်နေလျှင် ပိုက်ကွန်ကို ချီနိုင်တော့မည်မဟုတ်၊ မုဆိုးလက်သို့ ရောက်ကာ သေကျေတော့မည် ဖြစ်သောကြောင့် ၎င်းကို ယုံကြည်သောငုံးအပေါင်းကို အရပ်တစ်ပါးသို့ ခေါ်သွားလေသည်။ ထို့နောက် မုဆိုးလည်း ငုံးများ စုဝေးရာနေရာသို့ နောက်ထပ်ရောက်ရှိလာပြီး ပိုက်ကွန်ကို ပစ်လိုက်သောအခါ ကျန်ရစ်သောငုံးများသည် ရှေးနည်းအတိုင်း ပိုက်ကွန်ကို ကိုက်ချီရန် ပြင်ဆင်နေစဉ် မုဆိုးက အသာအယာပင် ဖမ်းဆီးကာ ငုံးများကို သတ်ဖြတ်စားသောက်လိုက်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း အချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားအောင် သွေးဆောင်နေကြသည့် သွေးခွဲစကားများကို နားမယောင်ရန် အရေးကြီးသည်။ စစ်ပညာသင်ကြားကာ ခွန်အားအပြည့်ဖြင့် ကြုံလာသမျှကို ရင်ဆိုင်နိုင်သည့် နိုင်ငံဖြစ်လာမည့်အရေးကို မလိုလားကြသည့် နိုင်ငံများကလည်း ရှိသည်။ အချင်းချင်းသွေးကွဲ၍ ထင်းစည်းပြေသကဲ့သို့ ဖြစ်မည့်အချိန်ကို စောင့်၍ ပိုက်ကွန်ချကာ ဖျက်ဆီးကြမည့်နိုင်ငံများ၏မာယာပိုက်ကွန်အတွင်း သက်ဆင်းခြင်းမပြုမိကြရန် သတိပေးလိုသည်။

**ဟန်ဆောင်ကောင်းသူတို့အကြံ**

နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးစားကြရသည်။ နိုင်ငံရေး၊ စီးပွားရေးထိုးနှက်တိုက်ခိုက်မှုများကိုလည်း သတိထားကာ တန်ပြန်တိုက်ခိုက်နိုင်ဖို့ ပြင်ဆင်ထားကြရသည်။ အင်အားကြီးလှပါသည်ဆိုသည့် နိုင်ငံကြီးများသည်ပင် စစ်ရေးအင်အားကို တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာအောင် အမျိုးမျိုးကြံဆောင်နေကြသည်။ စစ်သည်၊ လက်နက်အင်အားတောင့်တင်းခိုင်မာ၍ ကမ္ဘာကို အုပ်စိုးရန် ကြံစည်နေသည့် နိုင်ငံအချို့က အာရှဒေသတွင် အချက်အချာကျလှသည့် မြန်မာနိုင်ငံတွင် စစ်ရေးအင်အားတောင့်တင်းခိုင်မာလာမည့် အရေးကို တွေး၍ စိတ်ပူကာ အမျိုးမျိုးသောထိုးနှက်တိုက်ခိုက်မှုများကို ပြုလုပ်နေကြသည်။ တိုင်းရင်းသား အချင်းချင်း သွေးကွဲကာ အားနည်းမည့်အရေးကို ကြံဆောင်နေကြသည်။

**နားမယောင်နဲ့သတိထား**

သာယာလှပသည့် ရေအိုင်ကြီးအတွင်းတွင် ငြိမ်းချမ်းစွာနေကြသည့် ငါးများကဲ့သို့ပင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့သည် ရိုးသားကြသည်။ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို ဝါးမြိုစားသောက်ရန် ပြုမူနေကြသည့် နိုင်ငံအချို့၏ အပြောအဆို၊ စည်းရုံးသိမ်းသွင်းမှုများအောက်တွင် နားယောင်မိတတ်ကြသည်။ အချို့နိုင်ငံများသည် ကိုယ်တိုင် စစ်ရေးအင်အားတောင့်တင်းခိုင်မာအားကောင်းအောင် တည်ဆောက်ကာ ကမ္ဘာအနှံ့တွင် တပ်စခန်းများတည်ဆောက်ထား၍ ကမ္ဘာကို လက်ဝါးကြီးအုပ်ရန် ကြံကြသည်။ အာရှဒေသကို ကြိုးကိုင်ခြယ်လှယ်ကာ လိုရာပုံသွင်းနိုင်ရန် မြန်မာ့ရေ၊ မြေပေါ်တွင် ၎င်းတို့အလိုကျ စိုးမိုးနိုင်မှသာ ရမည်ကို သိသည့်နိုင်ငံအချို့က မြန်မာနိုင်ငံ စစ်ရေးအင်အားတောင့်တင်းလာမည့် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းမှုကို မအောင်မြင်စေရန် အမျိုးမျိုးသွေးထိုးလှုံ့ဆော်နေကြသည်။

လူငယ်များအနေဖြင့် ထိုစကားများကိုနားမယောင်မိစေရန်က အရေးကြီးသည်။ လူငယ်ဘဝရဲ့အချိန်ခဏကို စနစ်တကျစည်းကမ်းရှိလှသည့် တပ်မတော်သားဘဝဖြင့် ကုန်ဆုံးရမည်ဆိုပါက ဂုဏ်ယူကြရန်သာဖြစ်သည်။ လူမှုဆက်ဆံရေးပညာက အစပြု၍ ဘဝတစ်သက်တာအတွက် အရေးပါသည့်ပညာရပ်များကို လေ့လာဆည်းပူးခွင့်ရပြီး နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်ယူအပ်သော သားကောင်းရတနာများဖြစ်ရသည်မှာ အတိတ်ဘဝကံထူး၍သာ ဖြစ်သည်။ အများပြည်သူလုံခြုံရေးအတွက် အသက်ပေးတာဝန်ထမ်းဆောင်ရန် ဆုံးဖြတ်ချက်ချလိုက်သည်နှင့်တစ်ပြိုင်နက် ပြည်သူလူထု၏ ချွေးနဲ့စာမေတ္တာတရားများကို စုစည်းကာ နိုင်ငံတော်က ပြန်လည်ချီးမြှင့်မည့် လစာနှင့်စရိတ်တို့ကို ခံစားနိုင်မည်ဖြစ်သည်။

**စည်းကမ်းရှိမှ တိုးတက်မည်**

အရာရာကို စနစ်တကျနှင့် စည်းကမ်းတကျ လုပ်ကိုင်တတ်သူတိုင်းသည် အောင်မြင်မှုကို ရကြသည်ချည်းပင် ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအတွက် စည်းကမ်းဆိုသောအရာသည် ပို၍ အရေးကြီးသည်။

> ❖ လူငယ်ဘဝရဲ့ အချိန်ခဏကို စနစ်တကျစည်းကမ်းရှိလှသည့် တပ်မတော်သားဘဝဖြင့် ကုန်ဆုံးရမည်ဆိုပါက ဂုဏ်ယူကြရန်သာဖြစ်သည်။ လူမှုဆက်ဆံရေးပညာက အစပြု၍ ဘဝတစ်သက်တာအတွက် အရေးပါသည့် ပညာရပ်များကို လေ့လာဆည်းပူးခွင့်ရပြီး နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်ယူအပ်သော သားကောင်းရတနာများဖြစ်ရသည်မှာ အတိတ်ဘဝကံထူး၍သာဖြစ်သည်။ အများပြည်သူလုံခြုံရေးအတွက် အသက်ပေးတာဝန်ထမ်းဆောင်ရန် ဆုံးဖြတ်ချက်ချလိုက်သည်နှင့်တစ်ပြိုင်နက် ပြည်သူလူထု၏ ချွေးနဲ့စာမေတ္တာတရားများကိုစုစည်းကာ နိုင်ငံတော်က ပြန်လည်ချီးမြှင့်မည့် လစာနှင့် စရိတ်တို့ကို ခံစားနိုင်မည်ဖြစ်သည်။ ❖

လူငယ်ဘဝအချိန်ခဏကို လွတ်လပ်ပေါ့ပါးစွာဖြင့် ပေါ့ပေါ့တန်တန်ဖြတ်သန်းမိပါက အရွယ်ရောက်သည့်အခါ သက်တူရွယ်တူများက အောင်မြင်သွားချိန်တွင် နောင်တ တရားကို ရင်ဝယ်ပိုက်၍ နေရမည်။ လူငယ်များသည် အချိန်ကို စည်းကမ်းတကျအသုံးချရန် လိုသည်။

အရာရာကို စနစ်တကျ၊ စည်းကမ်းတကျဖြင့် တည်ကြည်လေးနက်စွာ ဆောင်ရွက်ကြရပြီး ဉာဏခွန်အားဖြစ်စေမည့် စာပေပညာရပ်များ လေ့လာခြင်းနှင့် ကာယခွန်အားဖြစ်စေမည့် တစ်ကိုယ်ရေကျန်းမာရေး လေ့ကျင့်စေခြင်းများက အစပြု၍ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည့် ကာကွယ်ရေးပညာရပ်များကိုပါ လေ့ကျင့်သင်ကြားပေးသော ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)နှင့် အမှတ်စဉ်(၂)တို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ယခုအခါတွင်လည်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃) တက်ရောက်ရန်အတွက် နိုင်ငံ့သားကောင်းများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သင်တန်းကျောင်းအသီးသီး၌ ရောက်ရှိနေပြီဖြစ်သည်။ ထိုသို့ ပြည်သူ့စစ်မှုထမ်းသင်တန်းများက လူငယ်များအတွက် အကျိုးရှိလှသည်။ ဘဝကို စည်းကမ်းတကျနေထိုင်တတ်ကြစေရန် လေ့ကျင့်သင်ကြားပေးမည့် သင်တန်းများဖြစ်သည်။

**ပြည်သူပေးသောမေတ္တာ**

"အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဟူသော စကားနှင့်အညီ မျိုးဆက်သစ်လူငယ်များသည် အချိန်တန် အရွယ်ရောက်သည့်အခါတွင် စား၊ဝတ်၊နေရေးဆိုသည့် ဘဝ၏ ပဓာနကျသည့် အရေးသုံးပါးကို ဖြေရှင်းနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို မဖြစ်မနေလုပ်ကိုင်ကြရမည်သာဖြစ်သည်။ ငယ်စဉ်က ပညာပြည့်ဝအောင် လေ့လာနိုင်ခဲ့သူများက ဉာဏ်ကိုအားကိုး၍ ဉာဏလုပ်သားများအဖြစ် လုပ်ကိုင်ကြသည်။ ကာယအားကိုး၍ ကာယလုပ်သားများအဖြစ် ရပ်တည်နေကြသူများကလည်း ရှိနေပြန်သည်။ မည်သည့် အလုပ်နယ်ပယ်တွင် ကျင်လည်ရသည်ဖြစ်စေ ကျင်လည်ရာ ပတ်ဝန်းကျင်ကို မထိခိုက်သောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ သမာအာဇီဝဖြင့် ရှင်သန်ကြရန်က အဓိကဖြစ်သည်။

လူငယ်များ၏ စိတ်သည် ဖြူစင်သန့်ရှင်း၍ ကောင်းမွန်စွာ သွန်သင်ဆုံးမလမ်းပြပေးမည်ဆိုပါက ငယ်စဉ်ကတည်းက ပြည်သူ့နီတိကဲ့သို့သော စာပေများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည့် မြန်မာလူငယ်များသည် ကျင်လည်ရာ ပတ်ဝန်းကျင်ကို ထိခိုက်စေသောလုပ်ရပ်များဖြင့် အသက်မွေးကြမည်မဟုတ်ပေ။ ရေခံမြေခံကောင်း၍ မေတ္တာတရားတို့ဖြင့် ရေလောင်းပေါင်းသင်ပေးထားပြီးဖြစ်သည့်လူငယ်များကို တပ်မတော်၏ ရင်ခွင်သို့ ခေတ္တခိုဝင်ခွင့်ပြုကာ ပြည်သူအကျိုးပြုမည့် နိုင်ငံတော်ကာကွယ်ရေးပညာရပ်များကိုပါ လေ့ကျင့်သင်ကြားပေးနိုင်မည်ဆိုပါက ဆိုဖွယ်ရာပင်မရှိတော့ပေ။ မြန်မာလူငယ်များ နိုင်ငံတော်ကာကွယ်ရေး အတတ်ပညာများတတ်မြောက်ပြီး ပြည်သူတို့၏ မေတ္တာကိုခံယူ၍ လှပဝေဆာစွာ ပွင့်လန်းလာနိုင်ကြပါစေရေး မိဘအုပ်ထိန်းသူများက အမှန်တရားပြေးလမ်းပေါ် သို့ တွန်းတင်ပေးကြခြင်းဖြင့် မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်ပြနိုင်ကြပါစေကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- **ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈။**
- **ပြည်သူ့စစ်မှုထမ်းဥပဒေ။**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# ချီလီနိုင်ငံရှိ တောင်ပေါ်မြို့များတွင် နှင်းပြိုကျမှုကြောင့် လူများပိတ်မိနေ



**ဆန်တီယာဂို ဇွန် ၂၅**

ချီလီနိုင်ငံမြို့တော် ဆန်တီယာဂို အရှေ့ဘက် တောင်ပေါ်မြို့များတွင် ဇွန် ၂၄ ရက်က နှင်းပြိုကျမှုကြောင့် ဒါဇင်နှင့် ချီသောလူများ ပိတ်မိနေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် နှင်းမုန်တိုင်းများတိုက်ခတ်ခဲ့မှုကြောင့် ချီလီနိုင်ငံ အလယ်ပိုင်း မိုင်ပိုပြည်နယ် တစ်ဝန်းတွင် ဆီးနှင်းများ စုပုံနေကြောင်း၊ Cajon del Maipo တောင်တန်းရှိ တောင်ပေါ်မြို့ငယ်နှစ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် နှင်းမုန်တိုင်းတိုက်ခတ်မှုအပြီးတွင် ယခုကဲ့သို့ နှင်းပြိုကျမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ နှင်းပြိုကျမှုကြောင့် ဆက်သွယ်သွားလာရေး လမ်းကြောင်းများ ပိတ်သွားခဲ့ရကြောင်း ရဲတပ်ဖွဲ့နှင့် ပြည်နယ်အစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။

"အခုလို နှင်းပြိုကျမှုကြောင့် တောင်ပေါ်မှာ ပိတ်မိနေတဲ့သူတွေဆီကို ကယ်တင်နိုင်ဖို့ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်နေပါတယ်။ လက်ရှိ ပိတ်မိနေတဲ့သူတွေထဲမှာ နှင်းလျှောစီးအပန်းဖြေစခန်းကို လာတဲ့သူတွေ အများဆုံးဖြစ်ပြီး ထိခိုက်ဒဏ်ရာရတာတော့ မရှိပါဘူး။ အစားအသောက်တွေကိုလဲ ပို့ပေးထားပါတယ်"ဟု Cordillera ပြည်နယ်မှ ဗဟိုအစိုးရကိုယ်စားလှယ် Alejandra Cortes က ပြောကြားခဲ့သည်။

လက်ရှိ နှင်းလျှောစီးစခန်းတွင် ကလေးငယ်ရှစ်ဦးအပါအဝင် လူ ၃၃ ဦး ပိတ်မိနေကြောင်း ချီလီအမျိုးသားရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဘာနာဒိုလီဗာက ပြောကြားသွားခဲ့သည်။

မိုးရွာနိုင်ခြေရှိသည့်အတွက် ပိတ်နေသည့်နှင်းများ အရည်ပျော်နိုင်ရန် ခန့်မှန်းထားသော်လည်း သဘာဝအတိုင်း မိုးရွာသွန်းမှုမရှိခဲ့လျှင် ဆီးနှင်းများရှင်းလင်းပြီး နှင်းပြိုကျမှု ထပ်မံမဖြစ်ပွားစေရန် အာဏာပိုင်များက ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KZ**

# ဇင်ဘာဘွေ၌ ၂၀၃၀ ပြည့်နှစ်တွင် သစ်ပင်ပေါင်း တစ်ဘီလီယံစိုက်ပျိုးနိုင်ရေး သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူတစ်ဦး ကြိုးပမ်းနေ

**ဟာရာရီ ဇွန် ၂၅**

ဇင်ဘာဘွေနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် သစ်ပင်ပေါင်း တစ်ဘီလီယံ စိုက်ပျိုးနိုင်ရေး သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူတစ်ဦး ကြိုးပမ်းနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇင်ဘာဘွေနိုင်ငံတွင် စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ တွင်ကျယ်လာသည့်အတွက် ဆိုးရွားလာသော သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများသည် သစ်တောများကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ဇင်ဘာဘွေနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျှော့ချရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူများထဲမှ တစ်ဦးဖြစ်သော Mlambo သည် ၂၀၃၀ ပြည့်နှစ်တွင် သစ်ပင်ပေါင်း တစ်ဘီလီယံ စိုက်ပျိုးပြီးစီးရန် ဆောင်ရွက်နေပြီး ၎င်း၏လုပ်ဆောင်မှုသည် ရာသီဥတုဖောက်ပြန်မှုကို လျှော့ချရန် ရည်ရွယ်ကြောင်း သိရသည်။

"ကျွန်ုပ်တို့အတူတကွပေါင်းစည်းမယ်ဆိုရင် ရလဒ်ကောင်းတွေရရှိလာမှာဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေဆိုတာ တစ်ဦးတစ်ယောက်တည်းနဲ့လုပ်လို့မရပါဘူး။ ပူးပေါင်းလုပ်ဆောင်ဖို့ လိုပါတယ်။ ဒါမှ အာဖရိကရဲ့ဒေသအလိုက်သာမက ကမ္ဘာတစ်ဝန်းမှာဖြစ်နေတဲ့ မြေယာပျက်စီးမှု၊ မိုးခေါင်မှုနဲ့သဲကန္တာရတွေဆိုင်ရာပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်မှာဖြစ်တယ်"ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူ Mlambo က ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံသည် နှစ်စဉ် သစ်တောဟက်တာ ၂၆၀၀၀၀ ခန့် ဆုံးရှုံးနေရကြောင်း၊ ထိုသို့ဆုံးရှုံးသွားသောသစ်တောများ ပြန်လည်ထူထောင်ရန်အတွက် ဇင်ဘာဘွေနိုင်ငံသားတချို့သည် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီလျက်ရှိကြောင်း၊ ယခု သစ်ပင်စိုက်ပျိုးရေးအစီအစဉ်တွင် မူလတန်းနှင့် အလယ်တန်းကျောင်းများမှ ကလေးငယ်များကို သစ်ပင်စိုက်ပျိုးနည်းများကိုလည်း လေ့ကျင့်သင်ကြားပေးသွားမည့် အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# အမေရိကန် အရှေ့ဘက်ကမ်းခြေဒေသများတွင် မြင့်တက်နေသည့်အပူချိန်ကို အန္တရာယ်ရှိသည့် အပူချိန်မြင့်တက်မှုအဖြစ် သတ်မှတ်ထား

**ဝါရှင်တန် ဇွန် ၂၅**

အမေရိကန်နိုင်ငံအရှေ့ဘက် ကမ်းခြေဒေသများတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး မြင့်တက်နေသည့် အပူချိန်ကို အန္တရာယ်ရှိသည့် အပူချိန်မြင့်တက်မှုအဖြစ် သတ်မှတ်ထားကြောင်း အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြင့်တက်နေသည့် အပူချိန်ပမာဏမှာ ၃၈ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီး အပူချိန်လှိုင်းသည် အနောက်ဘက်ကမ်းခြေဒေသများထိပါ ရွေ့လျားသွားနိုင်ကြောင်း၊ အရှေ့ဘက်ကမ်းခြေတွင် အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ပြည်သူဦးရေ သန်း ၁၀၀ ကျော်ထိရှိနေပြီး အများစုမှာ ပင်လယ်ကမ်းခြေများတွင် သွားရောက်အနားယူနေရကြောင်း သိရသည်။

"အရှေ့ဘက်ကမ်းခြေဒေသတွေမှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်တာတွေ ဖြစ်ပေါ်နေပါတယ်။ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ဘယ်တီမိုးဒေသနဲ့ ဖီလာဒယ်ဖီယာဒေသတွေမှာ အပူချိန်ဟာ ၃၈ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပါတယ်။ ဆက်လက်မြင့်တက်လာဖွယ်လဲရှိနေပါတယ်။ မွန်တာနာနဲ့ ဝိုင်အိုမင်မှာလဲ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၁၅ ဒီဂရီစင်တီဂရိတ် ပိုများနေတယ်။ ဖီလစ်ဒယ်ဖီယာဒေသမှာတော့ အပူချိန်အဆိုးရွားဆုံး မြင့်တက်လာနိုင်



တယ်။ အပူချိန်ပမာဏဟာ ၄၁ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်တယ်။ လာမဲ့ဇူလိုင်လအတွင်းမှာလဲ အပူချိန်တွေဆက်လက်မြင့်တက်လာနိုင်တယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မက်ချီနက်ဒ်က ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရသူ ၁ ဒသမ ၈ သန်းထက် မနည်းရှိနေ

**ဒါကာ ဇွန် ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရသူ ၁ ဒသမ ၈ သန်းထက်မနည်းရှိနေကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းအမြောက်အမြား ပျက်စီးခဲ့ပြီး လူနေအိမ်များလည်း အမြောက်အမြား ပျက်စီးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုသည် ဇွန် ၂၂ ရက်က စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆိုင်ဟက်နယ်မြေတွင် ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရခြင်းဖြစ်ပြီး ဆူနမ်ဂျန်ဟ်နယ်မြေတွင်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ ဆိုင်ဟက်နယ်မြေတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ ၉၆၄၀၀၀ ခန့်ရှိခဲ့ပြီး ဆူနမ်ဂျန်ဟ်နယ်မြေတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသူဦးရေ ၇၉၂၀၀၀ ခန့်ရှိခဲ့ကြောင်း သိရသည်။

ရေဘေးဒဏ်သင့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းတွင် ယာယီရွက်ဖျင်တဲ ၆၀၀၀ ဖြင့် နေရာချပေးထားကြောင်း ဘင်္ဂလားဒေ့ရှ် အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော ပြည်သူများအနက် အရွယ်မရောက်သေးသောကလေးငယ်များရှိနေပြီး United Nations' Children's Fund (UNICEF) ၏ ထုတ်ပြန်ချက်အရ ရေဘေးဒဏ်သင့် ကလေးငယ်ဦးရေ ၇၇၂၀၀၀ ခန့်ထိရှိနေကြောင်းလည်း သိရသည်။

ရေဘေးဒဏ်သင့်နေသည့်စာသင်ကျောင်းပေါင်း ၈၀၀ ခန့်ထိရှိနေပြီး ရေဘေးအန္တရာယ်ကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်းလည်း ဘင်္ဂလားဒေ့ရှ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# တူကီယဲနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူ ၁၅ ဦးနှင့် တိရစ္ဆာန်အကောင်ရေ ထောင်နှင့်ချီသေဆုံး

**အင်ကာရာ ဇွန် ၂၅**

တူကီယဲနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူ ၁၅ ဦးနှင့် တိရစ္ဆာန်အကောင်ရေ ထောင်နှင့်ချီ သေဆုံးခဲ့ကြောင်း တူကီယဲအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တူကီယဲနိုင်ငံ အရှေ့တောင်ဘက်ပိုင်း ကာဒစ်ရှ်စီရင်စုတွင် ဇွန် ၂၁ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်များဆီသို့ကူးစက်လောင်ကျွမ်းကာ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ တောမီးကို မီးသတ်တပ်ဖွဲ့က အင်အားသုံးငြိမ်းသတ်ရန် ကြိုးစားလျက်ရှိကြောင်း၊ တောမီးအရှိန်ပြင်းထန်သည့်အတွက်ကြောင့် တောမီးကို ထိန်းချုပ်နိုင်ရေးမှာ ခက်ခဲလျက်ရှိကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေ တော်တော်လေးများနေပါတယ်။ ဇွန် ၂၄ ရက်ထိ ဒေသခံ ၁၅ ယောက်ထက်မနည်း သေဆုံးခဲ့ပြီးတော့ တိရစ္ဆာန်အကောင်ရေ ထောင်နဲ့ချီပြီးသေဆုံးနေပါတယ်။ သိုးအကောင်ရေ ၁၀၀၀ ထက်မနည်း သေဆုံးခဲ့တယ်။ အခြားတိရစ္ဆာန်တွေလဲ သေဆုံးခဲ့တယ်။ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့တော့ ကြိုးစားနေပါတယ်။ ဒါပေမဲ့လဲ မိုးလေဝသ အခြေအနေကြောင့် ထိန်းချုပ်ရ ခက်ခဲနေပါတယ်။ တောမီးလောင်ကျွမ်းတဲ့ အကြောင်းရင်းကို အကြမ်းဖျင်းစစ်ဆေးကြည့်တော့ ဝိုင်ယာရှော့ခ်ဖြစ်တာကနေ စတင်ခဲ့တယ်လို့သိရတယ်။ ဒါပေမဲ့လဲ အတိအကျဆက်လက်ဖော်ထုတ်နေပါတယ်"ဟု တူကီယဲအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးစတင်လောင်ကျွမ်းသည့်နေ့မှ ဇွန် ၂၄ ရက်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့သောစိုက်ပျိုးမြေဧက ၁၆၅၀ မှ ၂၀၀၀ ထိ မြင့်တက်ခဲ့ကြောင်း တူကီယဲအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



မိသားစုဘဝ လုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ

ထားကြစို့!

We Protect The Family

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တဘက်ဆွဲရွာ မြောက်ပိုင်းနေ ဦးသန်းဦး(၉/စကတ(နိုင်)၀၈၁၅၆၄)- ဒေါ်စန်းစန်းထွေး(၉/စကတ(နိုင်)၀၈၂၃၂၃) တို့၏သမီး မအိကျော်ဇင်အား မအိအိကျော်ဇင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မအိအိကျော်ဇင်**

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ ကြက်မျှားကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-8တွင် ပညာသင်ကြားနေသော မသူဇာလှိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်နိုင် ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်(၉/စကတ(နိုင်)၁၀၁၅၆၆)**

## ဖခင်အမည်မှန်

အောင်မြေသာစံမြို့နယ်၊ လင်းလက်တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်သွင်ထူးနောင် ၏ဖခင်အမည်မှန်မှာ ဖွားစာရင်းအရ ဦးအောင်မျိုးသန့် ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးသန့်(၉/မသန(နိုင်)၁၀၃၀၂၄)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တံတားဦးမြို့နယ်၊ ဇီးကန်ကျေးရွာနေ ဦးရဲမြင့်-ဒေါ်မာမာအေး တို့၏သား **မောင်ကျော်သက်နိုင်ဦး (ခ) ကျော်သက်(၉/တတဥ(နိုင်)၁၂၂၄၆၉)**သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးရဲမြင့် (၉/တတဥ(နိုင်)၀၅၁၀၀၈)**
**ဒေါ်မာမာအေး (၉/တတဥ(နိုင်)၀၅၀၅၀၇)**

## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)၊ တိုးချဲ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ် H-၁၄၃၊ မြေကွက်ပေါ်တွင် ဦးညွန့်ဝင်း၊ဒေါ်သန်းသန်းဌေး(၉/မခန(နိုင်)၀၄၇၁၂၄)ကိုင်ဆောင်သူမှ (အလျား ၂၈'-၀"၊အနံ ၃၀'-၀")၊ Iron Frame (၁)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့၊ အထက(ငါန်းဇွန်)၊ Grade-11(B) တွင် ပညာသင်ကြားနေသော မဇူဇူဝေ နှင့် ငါန်းဇွန်မြို့နယ်၊ သူနတ်စစ်အုပ်စု၊ အမက(ကျောက်တိုင်)၊ Grade-4 တွင် ပညာသင်ကြားနေသော မထက်နွယ်နီဝေ တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကေး ဖြစ်ပါကြောင်း။

**ဦးကေး(၉/ငဇန(နိုင်)၀၇၈၆၇၁)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် အလယ်တန်းပြရာထူးဖြင့်တာဝန်ထမ်းဆောင်လျက်ရှိသူ ဒေါ်နိုင်နိုင်အေး သည် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၈/ဂဂန(နိုင်)၀၀၃၁၅၆)တွင်ပါရှိသော အမည် ဒေါ်အေးအေးနိုင် နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နိုင်နိုင်အေး(ခ)ဒေါ်အေးအေးနိုင်(၈/ဂဂန(နိုင်)၀၀၃၁၅၆)**

## စာအုပ်စာပေ လှူမိတ်ဆွေ

## ပျောက်ဆုံးကြောင်း

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊အကွက်(၅၀၅)နေ မောင်မင်းခန့်ကျော် (ဘ) ဦးကံမြင့် (ခ)ရှန်ကား(၉/ခအဇ(နိုင်)၀၃၈၂၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-808441) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၈၈၈၉၉၉၈

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်သည့် ဘက်စုံပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)နှင့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ **စာမျက်နှာ ၂၁ ကော်လံ ၁☆**



**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသားများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**

မန္တလေးမြို့ ကျုံးပတ်လည်တွင် ခွင့်ပြုချက်မရှိဘဲ ရောင်းချသည့် ဈေးသည်များကို စစ်ဆေးအရေးယူလျက်ရှိ စာမျက်နှာ – ၂

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ပေါ်ဆန်းစပါး တင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ စာမျက်နှာ – ၅

ပညာဂုဏ်မြှင့်၍ ပြည်ဂုဏ်တင့်စေမည့် ပညာရေးညီလာခံ ဆောင်းပါး စာမျက်နှာ – ၂၈

**ထူးခြားသည့် နေ့အပူချိန်များ** (၂၅–၆–၂၀၂၄)

| | | | | |
|---|---|---|---|---|
| ရှောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

